မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ်(၂၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ သဝဏ်လွှာပေးပို့

ကမ္ဘာ့ပြဿနာများကို မည်သည့်နိုင်ငံမျှ တစ်နိုင်ငံတည်း မဖြေရှင်းနိုင်သည်မှာ ထင်ရှား နိုင်ငံအများဆုံးကိုယ်စားပြုသော နိုင်ငံတကာယန္တရား၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ယနေ့သည် ကုလသမဂ္ဂတည်ထောင်သည့် (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါသည်။ ယခုကဲ့သို့ ထူးခြားသောအခါသမယတွင် ကျွန်ုပ်တို့သည် အလွန်အရေးကြီးသည့် ဤနေ့ထူးနေ့မြတ်အထိမ်းအမှတ်ပွဲကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဂုဏ်ပြုကျင်းပပါသည်။

ချမှတ်ဆောင်ရွက်

နှစ်ကြိမ်တိုင်ဖြစ်ပွားခဲ့သော ကမ္ဘာစစ်ကြီး၏ဒဏ်ကြောင့် ယိုယွင်းခဲ့ရသည့်ကမ္ဘာကြီးကို ငြိမ်းချမ်းတည်ငြိမ်မှု ရရှိစေရန်အတွက် လွန်ခဲ့သော(၆၄)နှစ်က ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့ပါသည်။ ကုလသမဂ္ဂ၏ အဓိကဦးစားပေးလုပ်ငန်းမှာ အစပိုင်းတွင် ငြိမ်းချမ်းရေးအစီအစဉ်ဖြစ်ပါသည်။ ချူကလီးယားစစ်ပွဲ၏ ခြိမ်းခြောက်မှုနှင့် ကမ္ဘာတစ်ဝန်း အဆုံးမသတ်နိုင်သော ဒေသဆိုင်ရာပဋိပက္ခများဖြင့် အရှိန်မြင့်နေသည့် စစ်အေးကာလတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လိုပါက ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် မရှိမဖြစ်လိုအပ်ပါသည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဆယ်စုနှစ်ပေါင်းများစွာ အောင်မြင်စွာ ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ထို့အပြင် ကုလသမဂ္ဂအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် နိုင်ငံတကာဥပဒေတိုးမြှင့်လိုက်နာမှု အစရှိသည်တို့တွင်လည်း တိုးတက်မှုများရရှိခဲ့ပါသည်။ ထိုကဲ့သို့ တိုးတက်မှုများရရှိခြင်းသည် အဖွဲ့ဝင်နိုင်ငံများ စုစုစည်းစည်းဖြင့် ပူးပေါင်းလုပ်ကိုင်မည်ဟု သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ကြခြင်းကြောင့် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ် မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် နယ်ပယ်အများအပြားတွင် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်လျက်ရှိ

အေးချမ်းတည်ငြိမ်သည့် ကမ္ဘာကြီးဖြစ်ရေး ကျရာကဏ္ဍက စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၅ရက်)

တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ဆက်လက်ထိန်းသိမ်းမြှင့်တင်

ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့သို့ရောက်ရှိခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang နှင့် အောက်တိုဘာလ ၁၉ရက်နေ့က နန်နင်းမြို့ရှိ လီယွမ် International Conference Centre၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ဖြစ်ထွန်းလာစေရန် လက်တွေ့ကျကျဆောင်ရွက်မှုပင်ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်ခဲ့ခြင်းအတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်လည်ပတ်မှုများနှင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ နှစ်ဖက်ပြည်သူများ၏ အပြန်အလှန်ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်က တရုတ်နှင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး နက်ရှိုင်းကျယ်ပြန့်သော ဆက်ဆံရေးများရှိခဲ့ပြီး နှစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်တိုးတက်နေမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ပေသည်။

နှစ်နိုင်ငံကုန်သွယ်ရေးဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ စက်မှု၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုများသည် အောင်မြင်မှုများရရှိနေပြီဖြစ်ရာ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများ၊ ထပ်မံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းထားသောလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းကြိုးပမ်းသွားကြမည်ဖြစ်ပေသည်။

သို့ဖြစ်ပေရာ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်နေခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား အပြန်အလှန် အထောက်အကူပြုလျက်ရှိပြီး နက်ရှိုင်းသောနှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-3 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dong Fang Kan Tan-1 ဖြင့် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ Point A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၄မိနစ်၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၅၄မိနစ်၂၅ ဒသမ ၆၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆မိနစ် ၄၁ ဒသမ ၂၇စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၄၁မိနစ် ၃၄ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၃၆မိနစ် ၃၉ဒသမ ၀၃စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၄၁မိနစ် ၂၅ဒသမ ၆၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ၅၄မိနစ် ၁၉ ဒသမ ၃၆စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-3 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dong Fang Kan Tan-1 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

လျှပ်စစ်(၁) ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ရေလှောင်တမံစီမံကိန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆မိုင်ခန့်အကွာရှိ အထက်ပေါင်းလောင်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး တမံယာဘက်ကမ်းမှတစ်ဆင့် ကျောက်ထုတ်စခန်းသို့ ဆက်သွယ်မည့် ဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ရေကာကွန်ကရစ်နံရံ (Separation Wall) ပေါ်မှ ရေကာနံရံတည်ဆောက်ပြီးစီးမှုနှင့် ပင်မတမံတည်ဆောက်မည့် မြေနေရာ၊ မြေကြီးကျောက်သား တူးဖော်နေမှု၊ High Tech ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သည့် R.C.C. Batching & Mixing Plant တည်ဆောက်နေမှုနှင့် တမံဝဲဘက်ကမ်းမှ ရေလွှဲဥမင် ရေလွှဲထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးသောင်းဟန်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေနှင့် ပံ့ပိုးပစ္စည်းများရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် လုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနားမြို့ အရှေ့ဘက်၁၆မိုင်ခန့်အကွာရှိ နန်ချိုရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေထိန်းကန်ဆောက်လုပ်မည့်နေရာ၌ ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ ရေသွယ်ဥမင်လိုဏ်အပိုင်း(၂)ရှိ ဥမင်အထွက်ပိုင်းတူးဖော်နေမှု၊ ရေယူဥမင်နှစ်ခုအားဆက်သွယ်မည့် ရေတံလျှောက် ပိုက်လိုင်းတည်ဆောက်ခြင်းလုပ်ငန်း မြေကြီးကျောက်သား တူးဖော်နေမှုနှင့် Pier တိုင် တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ပင်မတမံ၏ Diversion Box Conduit အဝင် Open Section ပေါ်မှ ပင်မတမံယာဘက်ကမ်း မြေကြီးကျောက်သားများ တူးဖော်ထားမှုနှင့် တမံကွန်ကရစ် သွန်းလောင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅-၁၀-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၁၈)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မင်္ဂလာဦးအကြို**
- ၁၃း၃၀ ၆။ ကျန်းမာသုတ
- ၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၃၆)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၁။ ဘဝကြေးမုံ **တူညီမေတ္တာ** ထွန်းထွန်းဝင်း၊ မိုးထက်ပိုင်၊ လေပြေ ဒါရိုက်တာ-ဆဲဗင်း(IC)
- ၆း၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲက ပန်းတစ်ပွင့်** (အပိုင်း-၁၁)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုငယ်ပေါင်ချိန်** (တတိယတွဲ) (အပိုင်း-၂၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **ခန္ဓာငါးပါး** တရားတော် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (ဇာတ်သိမ်းပိုင်း)
- ၈း၃၀ Sports World (Sunday Special)
- ၈း၅၅ မြို့လုံးကျွတ်ပါဝင်ဆင်နွှဲ ကွမ်းခြံကုန်းမြို့နယ်၏နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ
- ၉း၁၅ အရည်အသွေးတို့၏ အစပထမ
- ၉း၃၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၁၀း၂၅ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၁၀း၄၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးဘွိုင်သန်းနိုင်)
- ၁၁း၂၀ Victoria နှင့် တတိယကာရန်
- ၁၁း၄၀ Shanghai Concerto
- ၁၁း၄၅ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ငှက်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၂း၀၅ အဝလွန်ခြင်းပြဿနာနှင့်ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းနည်းလမ်းများ Current Concepts on Management of Obesity
- ၁၂း၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဖက်လဲတကင်းအသက်လည်းပြင်းသော ဓာတ်ပြားရသီချင်းများအစ) (တေးသံရှင်တင်ဦးလေး)
- ၁၂း၄၅ ကိုးခရိုင်မြေမှာ ရွှေရောင်အလင်းတွေဖြာ
- ၁း၀၀ **ခန္ဓာငါးပါး**တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (သားသမီးရှိတာ ကောင်းတယ်၊ သားသမီးမရှိတာ ကောင်းတယ်)
- ၃း၄၅ အရည်အသွေးတို့၏ အစပထမ
- ၄း၀၀ ရန်ကုန်မြင်ကွင်းကျယ် (MK Auto Centre ၏ ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၄း၂၀ မြို့လုံးကျွတ်ပါဝင်ဆင်နွှဲ ကွမ်းခြံကုန်းမြို့နယ်၏ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ
- ၄း၅၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၅း၁၅ Shanghai Concerto
- ၅း၃၀ Sports World (Sunday Special)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ပလေးဘွိုင်သန်းနိုင်)
- ၆း၅၀ ဈေးဝယ်လမ်းညွှန် (AMT Mobile Mart)
- ၇း၂၀ FMF (Selection)
- ၇း၄၅ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (သားသမီးရှိတာ ကောင်းတယ်၊ သားသမီးမရှိတာ ကောင်းတယ်)
- ၉း၂၅ Barclays Premier League Man City Vs Fulham
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (ဇာတ်သိမ်းပိုင်း)
- ၁၁း၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဖက်လဲတကင်းအသက်လည်းပြင်းသော ဓာတ်ပြားရသီချင်းများအစ) (တေးသံရှင်တင်ဦးလေး)
- ၁၂း၁၅ Victoria နှင့် တတိယကာရန်
- ၁၂း၃၀ များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (MK Auto Centre ၏ ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Liverpool- Man Utd	ESPN(Live)
၉း၂၅	Man City- Fulham	Star Sports (Live)
၁၀း၄၀	West Ham- Arsenal	ESPN (Live)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ရရှိရေးနှင့် ကမ္ဘာပေါ်ရှိ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အကောင်းဆုံးအဖွဲ့အစည်းတစ်ရပ်ဖြစ်

● *ရှေ့ဖုံးမှ*

ရာသီဥတုပြောင်းလဲမှု

ကမ္ဘာကြီးသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေးကိုခြိမ်းခြောက်သော ရှုပ်ထွေးသည့် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြန်ပါသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့အနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံမှုများကို အလေးထားရပါမည်။ ယနေ့ကမ္ဘာကြီးသည် ကြီးမားသောပြောင်းလဲမှုများနှင့် ကြုံတွေ့နေရပါသည်။ ကျွန်ုပ်တို့သည် တစ်ကမ္ဘာလုံး အပြန်အလှန်အမှီသဟဲပြုနေရသည့် ကမ္ဘာကြီးတွင် နေထိုင်လျက်ရှိကြသည်။ ငြိမ်းချမ်းသောကာလဟုဆိုသော်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယခင်က မကြုံတွေ့ဖူးသေးသည့် စိန်ခေါ်မှုများနှင့် အခွင့်အရေးများကို တွေ့ကြုံနေရသည်။ ယင်းစိန်ခေါ်မှုနှင့် အခွင့်အရေးများသည် နိုင်ငံတကာအသိုက်အဝန်းတစ်ရပ်လုံးအပေါ် သက်ရောက်လျက်ရှိသည်။ ကမ္ဘာနှင့်အဝန်း စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးအနေအထား မညီမျှမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများစွာအတွက် အဓိကအဟန့်အတားဖြစ်စေပါသည်။ ထို့အပြင် ပေါ်ပေါက်လာသော ကမ္ဘာ့ပြဿနာများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်း၊ စားနပ်ရိက္ခာနှင့် စွမ်းအင်အကျပ်အတည်း စသည်တို့သည် ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်မှုများအပါအဝင် ရရှိပြီးသော လူမှုစီးပွားရေးတိုးတက်မှုများကို ခြိမ်းခြောက်လျက်ရှိပါသည်။

တိုးမြှင့်ကြိုးပမ်း

ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာမခံချက်ရရှိရေးနှင့် ကမ္ဘာပေါ်ရှိ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အကောင်းဆုံးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ပေါင်းစည်းမှုအားဖြင့်သာလျှင် ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများဆုံးဖြင့် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာတစ်ဝန်း ပြည်သူများ၏ လိုအပ်ချက်အလုံးစုံကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းအစီအစဉ်များစွာ ရှိပါသည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းပကားကို အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် တိုးမြှင့်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မျှော်မှန်းချက်

ကမ္ဘာ့ပြဿနာများကို မည်သည့်နိုင်ငံမျှ တစ်နိုင်ငံတည်း ဖြေရှင်းနိုင်မည်မဟုတ်သည်မှာ ထင်ရှားပါသည်။ ယင်းပြဿနာများကို နိုင်ငံအများဆုံးကိုယ်စားပြုသော နိုင်ငံတကာယန္တရား၌ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လူမှုရေးတရားမျှတမှု၊ စီးပွားရေး တိုးတက်မှုနှင့် ကမ္ဘာ့သူကမ္ဘာ့သားများ၏ ဘဝအဆင့်အတန်း မြင့်မားမှုတို့အတွက် ဆောင်ကြဉ်းပေးနိုင်သည့် ကုလသမဂ္ဂ၏အရေးပါသည့် အခန်းကဏ္ဍကို ယုံကြည်မှုအပြည့်အဝရှိပါသည်။ ပိုမိုကောင်းမွန်သော၊ ပိုမို၍ သာယာဝပြောသော၊ ငြိမ်းချမ်းသော ကမ္ဘာကြီးတည်ဆောက်ရေး ကျွန်ုပ်တို့၏မျှော်မှန်းချက်သည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ ရှိနေမည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်

ကုလသမဂ္ဂ ဖွဲ့စည်းတည်ထောင်သည့် (၆၄)နှစ်မြောက် အခါသမယတွင် ချိန်ခါမရွေး မှန်ကန်မှုရှိသော ကုလသမဂ္ဂပဋိညာဉ်ပါ ရည်ရွယ်ချက်များနှင့် အခြေခံမှုများကို ကျွန်ုပ်တို့ ထပ်လောင်းအတည်ပြုကြပါစို့။ လူသားအားလုံး ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အဆင်ပြေညီညွတ်အောင် ညှိနှိုင်းပေးရာ ဗဟိုဌာနကြီးဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ။

အချို့တဲ့ဆုံးသူများအတွက် စစ်မှန်သောရလဒ်များ ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံစုံပါဝင်ဆောင်ရွက်သော စနစ်သစ်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည် -

ယနေ့ကျရောက်သော ကုလသမဂ္ဂနေ့နှင့် တစ်နှစ်တာကာလအတွင်း နေ့စဉ်နေ့တိုင်း ကုလသမဂ္ဂသည် ကမ္ဘာကြီးအတွက်လည်းကောင်း၊ ကိုယ်စီကိုယ်င အလုပ်အကိုင်ရရှိကြရေးအတွက် လည်းကောင်း၊ ကမ္ဘာသူကမ္ဘာသားအားလုံးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်တာများ ဆောင်ရွက်လျက်ရှိပါသည်။

နှိုးဆော်ထား

ကုလသမဂ္ဂသည် လူသားချင်းစာနာထောက်ထားမှု အကူအညီကို အခြားသောအဖွဲ့အစည်း တစ်စုံတစ်ရာထက် ပိုမို၍ဖြန့်ဖြူးပေးလျက်ရှိပြီး အခက်ခဲအကြမ်းတမ်းဆုံးနေရာများသို့ပင် ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ကမ္ဘာ့ကလေးသူငယ် ၄၀ရာခိုင်နှုန်းကို ကာကွယ်ဆေးများ ထိုးနှံပေးပါသည်။ လူပေါင်း သန်း၁၀၀ကျော်အား စားနပ်ရိက္ခာထောက်ပံ့လျက်ရှိပြီး ဒုက္ခသည် သန်း၃၀ကျော်ကိုလည်း အကူအညီပေးလျက်ရှိပါသည်။ ယင်းဒုက္ခသည် အများစုမှာ စစ်ဘေးအန္တရာယ်နှင့် နှိပ်စက်မှု အန္တရာယ်တို့မှ ထွက်ပြေးကြရသော အမျိုးသမီးနှင့်ကလေးသူငယ်များဖြစ်ပါသည်။ ယခုအခါ ကုလသမဂ္ဂသည် ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်ဖွဲ့များကိုလည်း ယခင်ကထက်ပိုမို၍ တာဝန်ပေး စေလွှတ်လျက်ရှိပါသည်။ တပ်ဖွဲ့ဝင်အင်အား ၁၁၅၀၀၀ကျော် စေလွှတ်ထားပြီးဖြစ်ပါသည်။ လွန်ခဲ့သောနှစ် တစ်နှစ်တည်းမှာပင် နိုင်ငံပေါင်း ၅၀နီးပါးကိုရွေးကောက်ပွဲကျင်းပရန် အကူအညီပေးခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေး ကမောက်ကမဖြစ်မှုကြောင့် ဆင့်ကဲပေါ်ပေါက်လာနိုင်သော လူမှုရေး မတည်ငြိမ်မှုတို့ကို ရင်ဆိုင်နိုင်ရန် ကုလသမဂ္ဂစနစ်တစ်ရပ်လုံးကို နှိုးဆော်ထားပါသည်။

ကြီးမားသောမျှော်လင့်ချက်

ကမ္ဘာ့နေရာအနှံ့အပြားတွင် ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို အနိုင်ယူတိုက်ဖျက်ရန်၊ ငြိမ်းချမ်းရေးထိန်းသိမ်းရန်၊ ပညာရေးလုပ်ငန်းများ တိုးချဲ့ရန်နှင့် လူ့အခွင့်အရေးအတွက် ရပ်တည်ပေးရန် ပြည်သူလူထုက ကုလသမဂ္ဂကို မျှော်ကိုးကြပါသည်။ လူအများ အသက်ဆုံးရှုံး စေနိုင်သော လက်နက်များနှင့် ရောဂါများပျံ့နှံ့ခြင်းကို ရပ်တန့်စေရန်နှင့် ဘေးအန္တရာယ်ကျရောက်နေသော ပြည်သူလူထုနှင့် မိသားစုများကို ကာကွယ်စောင့်ရှောက်ရန် အတွက်လည်း ကုလသမဂ္ဂကို မျှော်ကိုးကြပါသည်။ ကျွန်ုပ်တို့အားလုံးကို အကာအကွယ်ပေး၍ သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုညီညွတ်မှုရှိပြီး ပိုမိုရေရှည်တည်တံ့နိုင်သော စီးပွားရေးတည်ထောင်နိုင်ရန် လမ်းခင်းပေးမည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ဒီဇင်ဘာလတွင်ချမှတ်နိုင်ရန် ကမ္ဘာကြီးက ကျွန်ုပ်တို့ကို မျှော်ကိုးလျက်ရှိပါသည်။ ယင်းသဘောတူညီချက်သည် ပြည့်စုံမျှတမှုရှိပြီး ကြီးမားသောမျှော်လင့်ချက် ရှိရပါမည်။

မှီတင်းနေထိုင်

ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ ယခုအချိန်မှာ ထူးခြားသောကာလဖြစ်ပါသည်။ စားနပ်ရိက္ခာ၊ လောင်စာ၊ ငွေကြေး၊ တုပ်ကွေးစသည်ဖြင့် အကျပ်အတည်းများစွာသည် တစ်ပြိုင်နက်တည်း ကျရောက်နေပါသည်။ ရာသီဥတုအပြောင်းအလဲကိစ္စမှာ တစ်နေ့တခြား အန္တရာယ်ကြီးမားလျက်ရှိပါသည်။ အကျပ်အတည်းတစ်ခုစီကို ကြည့်မည်ဆိုလျှင် ၂၁ရာစု၏အမှန်တရားကို တွေ့မြင်နိုင်ပါမည်။ ကျွန်ုပ်တို့အားလုံးသည် တစ်အိမ်တည်းနေသူများကဲ့သို့ တစ်ကမ္ဘာတည်းတွင် မှီတင်းနေထိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ကမ္ဘာသူကမ္ဘာသားအနေဖြင့်လည်းကောင်း၊ နိုင်ငံများအနေဖြင့်လည်းကောင်း၊ လူသားမျိုးနွယ်အနေဖြင့်လည်းကောင်း ကောင်းတူဆိုးဖက် ဖြစ်ကြပါသည်။

ပိုမိုစည်းလုံးညီညွတ်

ကုလသမဂ္ဂသည် ခြုံငုံရှုမြင်ဖြေရှင်းခြင်းဖြင့် ကြီးမားသောပြဿနာများကို အစွမ်းကုန် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လူသားအားလုံးအတွက်၊ အထူးသဖြင့် အချို့တဲ့ဆုံးသူများအတွက် စစ်မှန်သောရလဒ်များ ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံစုံပါဝင်ဆောင်ရွက်သော စနစ်သစ်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။ သို့ရာတွင် ဆောင်ရွက်ရမည့်ကိစ္စများစွာ ကျန်ရှိနေသေးခြင်း၊ ကတိကဝတ်ပြုမှုနှင့် လက်တွေ့လုပ်ဆောင်မှုအကြား ကွာဟချက်ရှိနေခြင်းတို့ကိုလည်း မိမိအနေဖြင့် စိတ်မကောင်းစွာ တွေ့မြင်နေရပါသည်။ ယခုလို ကုလသမဂ္ဂနေ့ အခါသမယတွင် ထိခိုက်လွယ်သူ၊ အင်အားမဲ့သူ၊ အကာအကွယ်မဲ့သူတို့ကိုယ်စား ကျွန်ုပ်တို့ ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်ကြရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ကြပါစို့။ ပိုမိုအန္တရာယ်ကင်းရှင်း၍ ပိုမိုကောင်းမွန်သော ကမ္ဘာလောကကြီးကို တည်ဆောက်ရန် တစ်ခုတည်းသော ရည်ရွယ်ချက်၊ တစ်ခဲနက်သော လုပ်ငန်းဆောင်ရွက်မှုတို့ဖြင့် ယခင်ကထက် ပိုမိုစည်းလုံးညီညွတ်စွာ ရပ်တည်ကြပါစို့။ ။

တောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အောက်တိုဘာ၂၅ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မိုးရွာသွန်းနေဆဲ

၂၄-၁၀-၂၀၀၉

နေပြည်တော်	၁ ဒသမ ၅၄ လက်မ
ဖောင်းတူ	၂ ဒသမ ၆၀ လက်မ
ညောင်လေးပင်	၁ ဒသမ ၅၀ လက်မ
မြစ်ကြီးနား	၁ ဒသမ ၄၆ လက်မ
ချောင်းဆုံ	၁ ဒသမ ၃၈ လက်မ

အိန္ဒိယသင်္ဘောတစ်စင်း ဆေးရှဲဒေသအနီး ဆိုမာလီဓားပြများအပိုင်စီး

လန်ဒန် အောက်တိုဘာ ၂၄

ဆိုမာလီပင်လယ်ဓားပြများက ပနားမားအလံတင် ကုန်တင်သင်္ဘောတစ်စင်းကို ဆေးရှဲဒေသအနီး၌ အောက်တိုဘာ၂၂ရက်က အပိုင်စီးခဲ့ပြီး အိန္ဒိယသင်္ဘောသား ၂၄ဦး ထက်မနည်း ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လိုက်ပါ

ကစ်ဗီအယ်လ်ခါပီယာအမည်ရှိ အိန္ဒိယသင်္ဘောပေါ်တွင် သင်္ဘောသားများစွာ လိုက်ပါလာကြသည်ဟု နိုင်ငံတကာ ပင်လယ်ဓားပြ သတင်းပေး ရေကြောင်းဌာန၏ အကြီးအကဲ နိုကယ်ချွန်းက ကွာလာလမ်ပူရှိ ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

စောင့်ကြပ်

ဆိုမာလီ၌ ပင်လယ်ဓားပြများအား နှိမ်နင်းရေးအတွက် နိုင်ငံတကာ ပင်လယ်ရေကြောင်း လုံခြုံရေးတပ်ဖွဲ့များ စောင့်ကြပ်လျက်ရှိသည်။

အမ်အင်န်အေ/ဘီဘီစီ

ဆားဘီးယားအရှေ့ပိုင်းမှ ရေနံစိမ်းတန် ၄၃၀၀ တင်ဆောင်လာသည့် လောင်စာဆီတင်ရထားတစ်စင်း ရုရှားနိုင်ငံ နီဟိုကာဆိပ်ကမ်းမြို့သို့ ဆိုက်ရောက်နေသည်ကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်-မဲခေါင်ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုပွဲတော် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ဟနွိုင်း အောက်တိုဘာ ၂၄

ဂျပန်-မဲခေါင်ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုအနုပညာပွဲတော်ကို လာမည့် ဒီဇင်ဘာ ၁ရက်မှ ၅ရက်အထိ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကန်သိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၃ရက်တွင် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ယဉ်ကျေးမှုပွဲတော်သို့ မြန်မာ၊ လာအို၊ကမ္ဘောဒီးယား၊ ဂျပန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ယဉ်ကျေးမှုအနုပညာကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၃၀၀တက်ရောက်ကြမည်ဖြစ်သည်။

<u>ပူးပေါင်းလုပ်ဆောင်</u>

ပွဲတော်တွင် မဲခေါင်ဒေသနိုင်ငံများနှင့်ဂျပန်နိုင်ငံတို့မှ ယဉ်ကျေးမှုအနုပညာရှင်များ၏ ကပြဖျော်ဖြေမှုများ၊ ကုန်စည်ပြပွဲများ၊ယဉ်ကျေးမှုဆိုင်ရာပြခန်းများနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းလုပ်ဆောင်ရေးအစီအစဉ်တို့လည်း ပါဝင်ကြသည်။ (အင်တာနက်)

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး အိန္ဒိယ-တရုတ် လက်တွဲဆောင်ရွက်မည်

နယူးဒေလီ အောက်တိုဘာ ၂၄

ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများကိုင်တွယ်ထိန်းချုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနှင့်တရုတ်နှစ်နိုင်ငံသည် အောက်တိုဘာ၂၂ရက်က နယူးဒေလီမြို့၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ၌ ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ယင်း၏ ကျိုတိုသဘောတူညီချက်တို့သည် ရာသီဥတုပြောင်းလဲမှု ကိုင်တွယ်ဖြေရှင်းရေးအတွက် အသင့်လျော်ဆုံးဖြစ်ကြောင်း၊ ၎င်းနှစ်နိုင်ငံအနေဖြင့် အလေးအနက်ထားကြောင်း ပြောကြားသည်။

<u>တိုက်တွန်း</u>

ထို့ပြင် အမေရိကန်အပါအဝင် ချမ်းသာသောနိုင်ငံများက လေထုညစ်ညမ်းမှုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို ၁၉၉၀ပြည့်နှစ်မှ ၂၀၂၀ပြည့်နှစ်အရောက်တွင် ၄၀ရာခိုင်နှုန်း လျှော့ချသင့်ကြောင်းနှင့် ဆင်းရဲသောနိုင်ငံများက ရာသီဥတုပြောင်းလဲမှုပြဿနာများကို ဖြေရှင်းရာ၌ နည်းပညာများဖြင့် ကူညီသင့်ကြောင်း တရုတ်နှင့်အိန္ဒိယနိုင်ငံတို့က တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ၂၀၀၉ ခုနှစ် ဆောက်လုပ်ရေး ကုန်စည်ပြပွဲ၌ ပါဝင်ပြသထားသည့် အဆောက်အအုံ ပုံစံငယ်များကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ ဗုံးပေါက်ကွဲမှု အရပ်သားသုံးဦး သေဆုံး

ကဘူးလ် အောက်တိုဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ စစ်ဆေးရေးဂိတ်အနီး၌ အောက်တိုဘာ ၂၂ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အရပ်သားသုံးဦးသေဆုံးကြောင်း ဒေသအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါ ဖောက်ခွဲမှုသည် ၎င်းပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော်လည်း အပြစ်မဲ့ပြည်သူများ သေဆုံးရခြင်းဖြစ်သည်။

အာဖဂန်၌ တာလီဘန်လက်နက်ကိုင်များအား အပြီးသတ်ချေမှုန်းတိုက်ခိုက်နေစဉ်အတွင်းမှာပင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျို့မြို့၌ကျင်းပသည့် ရိုးရာလက်မှုပညာ ပန်းပုပြပွဲကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နှင့် ထိုင်း နှစ်နိုင်ငံ အကျိုးရှိစွာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးပြောကြား

ပေကျင်း အောက်တိုဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ပြုလုပ်ပြီး နှစ်နိုင်ငံအကျိုးရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းကြိုးပမ်းအားထုတ်သွားကြမည်ဖြစ်ကြောင်းဖြင့် တရုတ်ကာကွယ်ရေးဝန်ကြီး လီယန်ကွမ်လီက အောက်တိုဘာ ၂၂ရက်တွင် ပြောကြားသည်။

<u>ပြောကြား</u>

တရုတ်ကာကွယ်ရေးဝန်ကြီးသည် အဋ္ဌမအကြိမ်မြောက် တရုတ်-ထိုင်းကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေသော ထိုင်းကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အပီချတ်ပင်ကီတီနှင့်တွေ့ဆုံစဉ် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

<u>ပူးပေါင်းညှိနှိုင်း</u>

တရုတ်နှင့်ထိုင်းတို့သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီးနောက် နှစ်နိုင်ငံပြည်သူများအတွက် နယ်ပယ်ကဏ္ဍအသီးသီးတွင် အကျိုးကျေးဇူးများ ဖြစ်ထွန်းခဲ့ကြောင်း နိုင်ငံတကာနှင့်ဒေသဆိုင်ရာ ဆက်သွယ်ရေးနှင့် ပူးပေါင်းညှိနှိုင်းရေးကဏ္ဍများ၌ ရင်းနှီးစွာ ပြုလုပ်နိုင်ခဲ့ကြကြောင်းဖြင့်လည်း တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ/ဆင်ဟွာ**

<u>ကားဗုံးပေါက်ကွဲ</u>

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အလုပ်အကိုင်သစ်များ ဘရာဇီးအစိုးရ ဖန်တီးနိုင်

ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၄

ဘရာဇီးအစိုးရအနေဖြင့် ၂၀၀၉ခုနှစ်အတွင်း အလုပ်အကိုင်သစ် ၁ဒသမ၁သန်း ဖန်တီးပေးနိုင်မည်ဖြစ်ကာ ၂၀၁၀ ပြည့်နှစ်အရောက်တွင် နောက်ထပ် အလုပ်အကိုင်သစ် နှစ်သန်းခန့်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း အောက်တိုဘာ၂၂ရက်၌ ဘရာဇီး အလုပ်သမားဝန်ကြီး ကာလို့စ်လူပီက ပြောကြားလိုက်သည်။

<u>ခန့်မှန်း</u>

ယခုအချိန်တွင် ဘရာဇီးနိုင်ငံအနေဖြင့် စီးပွားရေးအကျပ်အတည်း ပြဿနာများ ပြန်လည်နာလန်ထူလာပြီဖြစ်ကြောင်း၊ ယင်းမှာ အစိုးရ၏ အကျပ်အတည်းကျော်လွှားရေး အစီအစဉ်များကြောင့်ဖြစ်ကြောင်း၊ လာမည့် ၂၀၁၀ ပြည့်နှစ်တွင် ဘရာဇီးနိုင်ငံအတွက် စီးပွားရေး အောင်မြင်သည့်နှစ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ၎င်းက ခန့်မှန်းသည်။

<u>ပိုမိုရရှိ</u>

ယခုနှစ် စက်တင်ဘာလအတွင်း၌ အလုပ်အကိုင်သစ် ၂၃၂၀၀၀ အပါအဝင် ၂၀၀၉ခုနှစ် ပထမကိုးလအတွင်းတွင် အလုပ်အကိုင်သစ် ၉၃၄၀၀၀ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း လူပီက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

လွတ်လပ်သော ကုန်သွယ်ရေးစာချုပ် မလေးရှားနှင့်နယူးဇီလန် လက်မှတ်ရေးထိုးမည်

ကွာလာလမ်ပူ အောက်တိုဘာ ၂၄

မလေးရှားနှင့် နယူးဇီလန်အစိုးရတို့အနေဖြင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လာမည့်သီတင်းပတ်အတွင်း ချုပ်ဆိုရန် စီစဉ်ထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

<u>လက်မှတ်ရေးထိုး</u>

မလေးရှားနိုင်ငံသို့ နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကေး အလည်အပတ်ရောက်ရှိစဉ် အောက်တိုဘာ ၂၆ ရက်၌ အဆိုပါသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

နျူသန့်စင်ရေးဆိုင်ရာ အိုင်အေအီးအေအစီအစဉ် အီရန်နိုင်ငံက မကြာမီတုံ့ပြန်မည်

အမေရိကန်ပြည်ထောင်စု ရုရှားနှင့် ပြင်သစ်နိုင်ငံတို့က အီရန်နျူကလီးယားဓာတ်ပေါင်းဖိုအတွက် တတိယနိုင်ငံက နျူကလီးယားသန့်စင်ရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အစီအစဉ်ကို အတည်ပြုလိုက်ပြီးနောက် အီရန်နိုင်ငံအနေဖြင့် အဆိုပါယူရေနီယံအစီအစဉ်ကို လာမည့်သီတင်းပတ်၌ တုံ့ပြန်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်လေ့လာရေးအဖွဲ့ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်ရှဂါဆိုလ်တန်နီယေးက ပြောသည်။

အမေရိကန် စစ်ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး ရှစ်ဦးဒဏ်ရာရ

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဖို့ဒ်စတိုရီကမ်းလွန်၌ လေ့ကျင့်ပျံသန်းနေသော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ရေတပ်သင်္ဘောပေါ်သို့ ပျက်ကျရာ အမေရိကန်စစ်သားတစ်ဦးသေဆုံးပြီး အခြားရှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၂၃ရက်တွင် ပြောကြားသည်။

ယခုနှစ်အတွင်းပိတ်ရသည့် အမေရိကန်ဘဏ်များ စုစုပေါင်း ၁၀၀ရှိပြီဖြစ်ကြောင်းကြေညာ

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် နေပယ်ပါတနာဘဏ်ကို အောက်တိုဘာ ၂၃ရက်က ပိတ်လိုက်ရကြောင်း၊ ယင်းဘဏ်သည် ၂၀၀၉ခုနှစ်တွင် ဘဏ်လုပ်ငန်းများအောင်မြင်အောင် မဆောင်ရွက်နိုင်သည့် အခု ၁၀၀မြောက်ဘဏ်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်အာမခံကော်ပိုရေးရှင်းက ကြေညာသည်။ ယင်းပါတနာဘဏ်သည် ၂၀၀၉ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် စုစုပေါင်းပိုင်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၅ဒသမ ၅သန်းဖိုးရှိပြီး ဘဏ်အပ်ငွေမှာ အမေရိကန်ဒေါ်လာ ၆၄ဒသမ ၉ သန်းရှိကြောင်း သိရသည်။

တာလီဘန်တို့၏ အဓိကမြို့ ပါကစ္စတန်တပ်များ သိမ်းပိုက်နိုင်ခဲ့

ပါကစ္စတန်တပ်ဖွဲ့ဝင်များက တောင်ဝါရီရစ္စတန်ရှိ တာလီဘန်ခေါင်းဆောင်များ၏ နေထိုင်ရာ အဓိကမြို့ဖြစ်သည့် ကော့ကိုင်းမြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၄ရက်က ကြေညာသည်။ **(အောက်ပုံ)**

အင်ဒိုနီးရှားကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ် ဆူနာမီ ဖြစ်ပေါ်ခဲ့ခြင်းမရှိဟုဆို

အင်ဒိုနီးရှားကမ်းလွန်တွင် အောက်တိုဘာ ၂၄ရက်က ရစ်ချ်တာစကေး ၇ဒသမ၀ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ယင်းငလျင်သည် မာလုကူကျွန်းအနီး ဘန်ဒါ ပင်လယ်ရေအောက် ၉၂မိုင်အကွာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု မသိရသေးကြောင်း၊ ဆူနာမီဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်းသက်ဆိုင်ရာမှ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ဝှဲချီးခြိမ့်ခြိမ့် ဆင်ကာနွှဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

➢အမေး/အရေး-မောင်မောင်မြင့်ဆွေ ➢ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) ➢စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၄ (ဖက်စ်)

ရှမ်းရိုးမကို နောက်ခံပြုထားသဖြင့် နေပြည်တော်ရေဆင်းသည် အေးချမ်းလှပလျက်ရှိသည်။ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်အသံများကား နေပြည်တော်ရေဆင်းတစ်ခွင် ပျံ့လွင့်လျက်-

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြိုင်ပွဲဝင်ခန်းမများသို့ သွားရောက်ရာ ပြိုင်ပွဲများ အဆင်ပြေစွာကျင်းပနိုင်ရေးအတွက် လိုက်လံဖြည့်ဆည်းဆောင်ရွက်နေသော အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးရန်နိုင်ဦးအား တွေ့ဆုံကာ သိလိုသည့်အချက်များကို မေးမြန်းခဲ့ရာ-

အချိန်ယူ ပြင်ဆင်

"အချိန်ယူ ပြင်ဆင် ဆောင်ရွက်ခဲ့လို့ အစစအရာရာ အဆင် ပြေအောင် လုပ်ကိုင် နိုင်ခဲ့ပါ တယ်။"

ဦးရန်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန
ပြိုင်ပွဲကျင်းပရေး
လုပ်ငန်းကော်မတီ
အတွင်းရေးမှူး

မေး ။ ။ အခုလိုပြိုင်ပွဲကြီး ကျင်းပနိုင်အောင် စီစဉ်ဆောင်ရွက်မှု အခြေအနေသိပါရစေ။

ဖြေ ။ ။ အရင်နှစ်တွေကရရှိပြီး အတွေ့အကြုံများကို ပေါင်းစပ်ကာ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီတို့ရဲ့ လမ်းညွှန်ချက်တွေအတိုင်း ပြီးခဲ့တဲ့နှစ် တစ်နှစ်လုံး အချိန်ယူပြင်ဆင်ဆောင်ရွက်ခဲ့လို့ အစစအရာရာ အဆင်ပြေအောင် လုပ်ကိုင်နိုင်ခဲ့ပါတယ်။

မေး ။ ။ ပြီးခဲ့တဲ့နှစ် ပြိုင်ပွဲတွေနဲ့ အခုနှစ်ပြိုင်ပွဲ လုပ်ကိုင်ဆောင်ရွက်တဲ့အခါ ကွာခြားမှုတွေရှိရင် ရှင်းပြပေးပါဦး။

ဖြေ ။ ။ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနဲ့ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌတို့ရဲ့ အစီအမံနဲ့ ကော်မတီ၊ ဆပ်ကော်မတီများရဲ့ ဖွဲ့စည်းပုံကို ပိုမိုကျစ်လျစ်ခိုင်မာအောင် ပြန်လည်ရေးဆွဲပြီး လုပ်ငန်းလိုအပ်ချက်အရ အချို့ဆပ်ကော်မတီတွေကို ပေါင်းစည်းလိုက်တာတွေ၊ အသစ်ထပ်မံ ဖွဲ့စည်းတာတွေကို ပြုလုပ်ခဲ့တာကတော့ အရင်နှစ် ပြိုင်ပွဲတွေနဲ့ ကွာခြားတာပေါ့။

မေး ။ ။ အဲဒီပေါင်းစည်းလိုက်တဲ့ ဆပ်ကော်မတီနဲ့ အသစ်ဖွဲ့စည်းလိုက်တဲ့ ဆပ်ကော်မတီတွေကိုလည်း ပြောပြပေးပါဦး။

ဖြေ ။ ။ ပေါင်းစည်းလိုက်တဲ့ ဆပ်ကော်မတီကတော့ ဖိတ်ကြားရေးနဲ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီကို ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီနဲ့ ပေါင်းစည်းပြီး ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနဲ့ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီလို့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ အခု (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ အသစ်ထပ်မံဖွဲ့စည်းလိုက်တဲ့ ဆပ်ကော်မတီကတော့ အကဲဖြတ်အမှတ်ပေး ကြီးကြပ်ရေးနဲ့ မူဝါဒဆိုင်ရာ စာသား စိစစ်ရေးဆပ်ကော်မတီပဲဖြစ်ပါတယ်။ ဒီလို ပေါင်းစပ်ဖွဲ့စည်းခြင်းနဲ့ ဆပ်ကော်မတီအသစ်ဖွဲ့စည်းခြင်းတို့ကြောင့် လုပ်ငန်းပိုမိုတွင်ကျယ်ပြီး တိကျပြတ်သားမှုနဲ့ အဆင်ပြေအောင်ဆောင်ရွက်နိုင်မှုတွေ ပိုမို ရရှိခဲ့ပါတယ်။

မေး ။ ။ ဒီနှစ်ပြိုင်ပွဲမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိရင် သိပါရစေ။

ဖြေ ။ ။ မနှစ်ကပြိုင်ပွဲပြီးကတည်းက လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေကို စီမံချက်နဲ့ လုပ်ငန်းဇယား ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ တစ်နှစ်လုံးအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းအသေးစိတ် ၈၄ခုရှိပြီး ဒါတွေကို အချိန်ကာလအလိုက် တစ်ခုချင်း ပြီးမြောက်အောင် ပုံမှန်လုပ်ဆောင်ခဲ့တဲ့အတွက် အခက်အခဲ တစ်စုံတစ်ရာ မရှိခဲ့ပါဘူး။ လိုအပ်ချက်တွေကို ဦးစီးကော်မတီဥက္ကဋ္ဌနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ အချို့ကိစ္စရပ်တွေကိုတော့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ထံတင်ပြီး လမ်းညွှန်မှုခံယူဆောင်ရွက်ပါတယ်။

မေး ။ ။ ပြည်နယ်နဲ့တိုင်းတွေက ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ဒိုင်များနဲ့ ကော်မတီ၊ ဆပ်ကော်မတီတွေ တစ်ခုနဲ့တစ်ခု ဘယ်လိုများ ဆက်စပ်ဆောင်ရွက်မှုစနစ်ထားရှိတယ်ဆိုတာလည်း ရှင်းပြပါဦး။

ဖြေ ။ ။ ဒါကတော့ ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲ ပြီးကတည်းက အခုနှစ်ပြိုင်ပွဲအတွက် ပြင်ဆင်နိုင်ဖို့ ပြည်နယ်၊ တိုင်းတွေက ပြိုင်ပွဲဝင်တွေ၊ အကဲဖြတ်ပညာရှင်တွေ၊ ကော်မတီ ဆပ်ကော်မတီတွေနဲ့ တစ်နှစ်လုံးအချိန်ယူဆက်သွယ်ညှိနှိုင်းလုပ်ဆောင်ရပါတယ်။ အဲဒီကာလမှာ ပြိုင်ပွဲကျင်းပရေး နာယကတွေပါဝင်တဲ့ အစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေးတွေကို အကြိမ်ကြိမ် ကျင်းပပြီး လုပ်ငန်းအဆင်ပြေအောင် ဆက်စပ်ညှိနှိုင်းကြရပါတယ်။ အခု ပြိုင်ပွဲကာလမှာလည်း တစ်နေ့ထက်တစ်နေ့လုပ်ငန်းအဆင်ပြေအောင် နေ့စဉ်ညနေ ၅နာရီတိုင်းမှာ ပြည်နယ်၊တိုင်းအသီးသီးက ပြိုင်ပွဲဝင်တွေ၊ ဗဟိုအကဲဖြတ်ပညာရှင်တွေ၊ ပြည်နယ်၊တိုင်းအကဲဖြတ်ပညာရှင်တွေ၊ ကော်မတီ၊ ဆပ်ကော်မတီတွေ၊ တာဝန်ရှိသူတွေနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး အစစအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ ပြိုင်ပွဲကြီးမှာ ပါဝင်တဲ့သူတွေအားလုံးကို သွားလာရေး၊ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး အခြေအနေကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ ။ ။ ဒါကလည်း ကြိုတင်စီမံပြင်ဆင်ထားတာမို့ အခက်အခဲမရှိပါဘူး။ သွားလာပို့ဆောင်ရေးအတွက် လိုအပ်တဲ့ယာဉ်တွေနဲ့ စက်သုံးဆီတွေကို ကြိုတင်စီမံဖြည့်ဆည်းပေးထားသလို တယ်လီဖုန်းတွေကိုလည်း ပြည့်စုံအောင်တပ်ဆင်ပေးထားပါတယ်။ တည်းခိုနေထိုင်ရေးအတွက် စနစ်တကျကြိုတင်နေရာစီစဉ်သတ်မှတ်ချထားပေးခြင်း၊ စားသောက်ရေးအတွက် အရင်နှစ်ကထက်ပိုမိုကောင်းမွန်တဲ့ စားသောက်ရေးစနစ်နဲ့ ထမင်းဆိုင်တွေကို ဖွင့်လှစ်ပေးထားတဲ့အတွက် ပိုမိုအဆင်ပြေကြောင်း ဒီနှစ်ပြိုင်ပွဲဝင်တွေရဲ့ နှုတ်စကားအရ သိရလို့ ပီတိဖြစ်ရပါတယ်။

မေး ။ ။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ အရင်က တာဝန်ယူခဲ့ရမှု အနေအထားကို ပြောပြပေးပါဦး။

ဖြေ ။ ။ နဝမအကြိမ်မှာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး၊ ဒသမအကြိမ်မှာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဧကာဒသမအကြိမ်မှာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ (၁၄) ကြိမ်မြောက်ပြိုင်ပွဲကနေပြီး အခု (၁၇) ကြိမ်မြောက်ပြိုင်ပွဲအထိ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေပါတယ်။

မေး ။ ။ ဒီလိုတာဝန်တွေကို ထမ်းဆောင်တဲ့အခါ ဒီနှစ်မှာပိုပြီး တည်တည်ငြိမ်ငြိမ်ဆောင်ရွက်နိုင်တာနဲ့ပတ်သက်ပြီး သိပါရစေ။

ဖြေ ။ ။ ပြိုင်ပွဲအတွေ့အကြုံလည်းများခဲ့ပြီလေ။ စီမံချက်တွေကို Chick Listနဲ့ စိစစ်ဆောင်ရွက်လို့ လုပ်ငန်းအပေါ်စိတ်ချမှု၊ ယုံကြည်မှုပိုမိုရရှိလို့ပါပဲ။ ဒါ့အပြင် အတူပူးပေါင်းဆောင်ရွက်တဲ့ လုပ်ဖော်ကိုင်ဖက်ကောင်းတွေ ပြည့်စုံလို့ပါ။ နောက်ပြီး အသက်လည်း တဖြည်းဖြည်းကြီးလာပြီလေ။

မေး ။ ။ အဆို၊အက၊အရေး၊အတီး ကဗျာနဲ့ဆောင်းပါးတွေ ရေးသားမှု အားနည်းသွားတယ်လို့ ထင်ပါတယ်။

ဖြေ ။ ။ အခြားတာဝန်တွေ အလေးပေးထမ်းဆောင်နေရတဲ့အတွက် ဖြစ်ပါတယ်။ အဆင်ပြေတဲ့အခါမှာတော့ ရေးကွက်ရှိလာရင် ပြန်ရေးဖြစ်ဦးမှာပါ။

မေး ။ ။ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးနဲ့ပတ်သက်ပြီး ရင်ထဲမှာအသင့်ရှိနေရင် ကဗျာတစ်ပုဒ်လောက် ရေးဖွဲ့ပေးလို့ရမလား။

ဖြေ ။ ။ ကြိုးစားကြည့်မယ်လေ··· ဟုဆိုကာ....ချက်ချင်းရေးဖွဲ့လေသည်။

ဆိုကရေးတီး ခရီးသည်

*	ငါတို့ဌာနီ၊	ငါ့တိုင်းပြည်နှင့်
	ခိုင်ကျည်လူမျိုး၊	တည်တံ့စိုးဖို့
	အရိုးကြေကြေ၊	အရည်(ရေ)ခန်းခန်း
	မှုတော်ထမ်းစဉ်၊	စိတ်နွှမ်းကိုယ်ကြေ
	ပင်ပန်းချေလည်း၊	
	တွေဝေသမှု ငါမပြု။	
*	ဒို့ပြည်ဒို့ရွာ၊	ဒို့ရိုးရာနှင့်
	မြန်မာစရိုက်၊	ဦးမငိုက်အောင်
	ထွေးပိုက်ယုယ၊	ထိန်းသိမ်းမျှရင်း
	ဆိုကရေးတီး၊	ဒီခရီးကို
	မညည်းညူတမ်း၊	ဖြောင့်သောလမ်းမှ
	ခြေလှမ်းမှန်စွာ၊	တည်ကြည်ကာဖြင့်
	သိက္ခာသီလ၊	ကိုယ်ကျင့်လှတွင်
	လောကဓမ္မ၊	ရှုမြင်မျှလျက်
	ထာဝရခရီးဆက်ဦးမည်	
	ဆိုကရေးတီး ခရီးသည်။	

ရန်နိုင်ဦး

အတွေးရှင်း၊ အရေးရှင်းပြီး ကာရန်ညီကာလှပသော ကဗျာလေးတစ်ပုဒ်ကို ချက်ချင်းရေးဖွဲ့လိုက်သော ဦးရန်နိုင်ဦး၏ အနုပညာခံစားမှု ကြီးမားပုံကို လေးစားစိတ်ဖြစ်ရသည်။ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကျင်းပရာ ခန်းမများတွင် ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်နေကြဆဲ၊ အောင်မြင်စွာ ဆက်လက်ကျင်းပနေဆဲ···· ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၁၀-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ကျိုင်းတုံလေယာဉ်ပြေးလမ်း
၈:၂၅ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Connect With English (Episode-25)

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၄၀)
၁၂:၃၀ ၅။ Golf Magazine(TV)
၁၂:၄၀ ၆။ မြန်မာရုပ်ရှင် **ပုလဲအရောင်မမှိန်** ကောလိပ်ဂျင်နေဝင်း၊ခင်မောင်ချင်း၊ စမ်းစမ်းဝင်း၊ မေဝင်းမောင် (ဒါရိုက်တာ-ဦးချစ်စိန်)
၁၄:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄:၃၀ ၈။ ရင်မှာပွင့်လန်းစေတနာပန်း
၁၄:၄၀ ၉။ International News

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Cup(2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **ရန်ကုန်ယူနိုက်တက်အသင်းနှင့် မကွေးအသင်း**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ မြေလတ်ဒေသဆီ ရထားလမ်းဖွင့်ပြီ
၆:၄၀ ၆။ တစ်မျက်နှာ တစ်ကွက်စာ **ဗျူးရတာမလွယ်ပါလားနော်** ဖွဲ့နှောင်၊ ထက်ထက်ဆုလှိုင် (ဒါရိုက်တာ-အောဝမ်းသန်းထွဋ်)
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၁၆)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက၊ အရေး၊ အတီး ပြိုင်ပွဲ
၁၂။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၅၄)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၆)
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော် အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong အမှူးပြုသော နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr.Bishow B. Parajuli၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ယနေ့ကျင်းပသော (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ အခမ်းအနားကို အဆွေတော်တို့နှင့်အတူ ဆင်နွှဲခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ဦးဆောင်စည်းရုံး

ကုလသမဂ္ဂအဖွဲ့ကြီးသည် သက်တမ်း (၆၄)နှစ်တာ ကာလအတွင်းတွင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရာ၌ ပူးပေါင်းဆောင်ရွက်မှုများ ရရှိရန်ဆိုသည့် အဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ မွန်မြတ်သော ရည်မှန်းချက်၊ အခြေခံမူများနှင့်အညီ ကမ္ဘာကြီးကို ဦးဆောင်စည်းရုံး ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် အသိပညာနှင့် နည်းပညာရပ်များ တိုးတက်လာမှုနှင့်အတူ ခေတ်ပြိုင်စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုအသစ်များဖြင့် ရင်ဆိုင် ကြုံတွေ့နေရပါကြောင်း၊ ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းကို နိုင်ငံအားလုံး ကြီးငယ်မဟူ ရင်ဆိုင်နေကြရပါကြောင်း၊ ယင်းအကျပ်အတည်း၏ ဒဏ်ကို နိုင်ငံအားလုံး ခံစားကြရသည့်နေရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပိုမိုခံစားကြရပါကြောင်း၊ ဤအကျပ်အတည်းများသည် ယခင်နှစ်များက ဖြစ်ပေါ်ခဲ့သည့် စားနပ်ရိက္ခာ ဈေးနှုန်းမြင့်တက်ခြင်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်ခြင်းနှင့် ကပ်ရောဂါများ ပြန့်ပွားခြင်းတို့၏ ပြဿနာများအပေါ် ထပ်ဆင့်စိန်ခေါ်မှုများ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုသည် ယနေ့ရင်ဆိုင်နေရသည့် အဓိက ပြဿနာတစ်ရပ် ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဒဏ်၏ ပမာဏနှင့် အရှိန်အဟုန်ကို သိရှိနားလည်ကြပြီး ဖြစ်သည့်အတွက် ယင်းပြဿနာကို မိမိတို့အားလုံး အပူတပြင်း ဖြေရှင်းကြရန်နှင့် ထိရောက်စွာ တုံ့ပြန်ကြရန်အချိန် ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

အလေးထားဆောင်ရွက်

ဤပြဿနာများကို ဖြေရှင်းရာတွင် မည်သည့်နိုင်ငံမှ နိုင်ငံတစ်နိုင်ငံတည်းအနေဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျော်လွှားနိုင်အောင် ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အပါအဝင် အပြည်ပြည်ဆိုင်ရာ မျှော်မှန်းထားသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံတကာအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရာတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကို ပိုမိုစူးစိုက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရန်နှင့် ဖွံ့ဖြိုးပြီးနိုင်ငံများက နွမ်းပါးသည့် နိုင်ငံများကို ကူညီကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံသည် မိမိ၏ထောင်စုနှစ်ရည်မှန်းချက်များကို ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးအသိပညာပေးခြင်း၊ ပြုစုစောင့်ရှောက်မှု နည်းစနစ်မှန်ကန်ခြင်းများကြောင့် မွေးကင်းစကလေးသေဆုံးမှုနှုန်း ကျဆင်းရေးနှင့် မိခင်သေဆုံးနှုန်းကျဆင်းရေးတို့၌ အောင်မြင်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် ပညာပေးစည်းရုံးခြင်း၊ ထိရောက်သော ကာကွယ်ကုသခြင်းများကြောင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ ငှက်ဖျားရောဂါ



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၉ခုနှစ် (၆၄) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

နှင့် တီဘီရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများမှာ ကြည့်မည်ဆိုပါက ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ပြန့်ပွားမှုများသည် လျော့နည်းကျဆင်းလျက်ရှိသကဲ့သို့ ငှက်ဖျားရောဂါနှင့် တီဘီရောဂါ တိုက်ဖျက်ရေးတွင်လည်း အောင်မြင်မှုများ ရရှိနေပါကြောင်း။

တက်ညီလက်ညီ

ပညာရေးကဏ္ဍ၌ စာမတတ်သူ ပပျောက်ရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ သင်ကြားမှုအရည်အသွေးမြှင့်တင်ရေးနှင့် အသိပညာအခြေခံ အသိုက်အဝန်း ထူထောင်ရေးအတွက် ပညာရေး အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများတွင် စီမံကိန်းများရေးဆွဲချမှတ်ပြီး နိုင်ငံတော်နှင့်အတူ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုများကြောင့် ယခုအခါ ကျေးလက်ဒေသများ အပါအဝင် နယ်စပ်ဒေသများပါမကျန် တိုးတက်မှုများ ရရှိနေသည်ကို တွေ့ရှိနေရကြောင်း၊ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် (၉၅)ရာခိုင်နှုန်းနီးပါးရှိပြီဖြစ်သည့်အတွက် ကုလသမဂ္ဂနှင့် ယူနက်စကိုက ချမှတ်ထားသော ၂၀၁၅ခုနှစ်တွင် အားလုံးအတွက်ပညာရေးဆိုသည့် ရည်မှန်းချက် လမ်းကြောင်းပေါ် ရောက်ရှိနေပြီ ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

၂၀၀၈ခုနှစ် မေလအတွင်း မြန်မာနိုင်ငံကို နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ပါဝင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကတစ်ဆင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည့်အဝ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ အောင်မြင်စွာ စွမ်းဆောင်မှုကို အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းက ထိုက်ထိုက်တန်တန် အသိအမှတ်ပြုခဲ့ပါကြောင်း၊ ဤအောင်မြင်မှုသည် အနာဂတ်တွင် ဒေသတွင်း သဘာဝဘေးဒဏ်ကျရောက်လာခဲ့လျှင် ဆောင်ရွက်ရမည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စံနမူနာယူစရာ တုံ့ပြန်မှုကောင်းတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်တွင် အလားတူသဘာဝဘေး

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သော ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Para - juli ဖတ်ကြားစဉ်။

(သတင်းစဉ်)

အန္တရာယ်များ ကျရောက်လာလျှင်လည်း ထိရောက်စွာတုံ့ပြန်နိုင်ရန် စီမံကိန်းများကို ချမှတ်ထားပြီး ထိရောက်မှုရှိစေရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် နယ်ပယ်အများအပြား၌ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအပါအဝင် ကုလသမဂ္ဂအဆင့်မြင့်အရာရှိများ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်များတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒသဘောထားကို ဖော်ပြခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြုပြီး အေးချမ်းတည်ငြိမ်သည့် သာယာဝပြောသော ကမ္ဘာကြီးဖြစ်လာအောင် အပြည်ပြည်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသည့်နေရာတွင် မြန်မာနိုင်ငံအနေဖြင့် ကျရာအခန်းကဏ္ဍကနေ စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဆိုသည့် အကြောင်းကို ထပ်လောင်း ပြောကြား လိုပါကြောင်း၊ ယခုကဲ့သို့ ထူးမြတ်သည့် အခါသမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးက လူသားအားလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများ ပိုမိုအောင်မြင်စေကြောင်း ဆုတောင်းကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဖတ်ကြား

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli က ဖတ်ကြားသည်။

ပေးအပ်

ယင်းနောက် ၂၀၀၉ခုနှစ် (၆၄) နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်စည်သူ၊ ဒုတိယဆုရရှိသော နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြချယ်ရီနှင့် တတိယဆုရရှိသော နေပြည်တော်တပ်ကုန်း အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မရွှန်းလဲ့မြင့်မိုရ်တို့အား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ရရှိသော နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ချမ်းဟိန်း၊ ဒုတိယဆုရရှိသော နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မဖူးပြည့်စုံမောင်နှင့် တတိယဆုရရှိသော နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မသီရိတို့အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက ဆုများကိုပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော်ပျဉ်းမနား မြို့မ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းမှ စတုတ္ထတန်း ကျောင်းသူ မယမင်းသိင်္ဂီ၊ ဒုတိယဆု ရရှိသော နေပြည်တော်လယ်ဝေး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မစောယုနွယ်နှင့် တတိယဆုရရှိသော နေပြည်တော်ပျဉ်းမနား မြို့မ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ စတုတ္ထတန်းကျောင်းသူ မနန္ဒာမျိုးဦးတို့အား ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli ကဆုများကိုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ချမ်းဟိန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး အမှူးပြုသော သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ

ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၄

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် မင်းစုအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှု၊ ကျောင်းသားဆရာအချိုးကိုက်ညီမှု၊ အထက်တန်းဆင့်သင် ဘာသာပြဆရာများ ဘာသာရပ်ကိုက်ညီမှု၊ မူလတန်းဆင့် ကျောင်းဝင်နှုန်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် သံရွာအခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း စက်ရုံစုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးကျန်းမာဖွံ့ဖြိုးရေး မဟာဗျူဟာငါးနှစ်စီမံကိန်း ပြန်လည်သုံးသပ်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးကျန်းမာဖွံ့ဖြိုးရေး မဟာဗျူဟာငါးနှစ်စီမံကိန်း ၂၀၀၅-၂၀၀၉ ပြန်လည်သုံးသပ်ခြင်းနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး မဟာဗျူဟာငါးနှစ်စီမံကိန်း ၂၀၁၀-၂၀၁၄ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Ramesh Shrestha ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က အမှာစကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကလေးကျန်းမာဖွံ့ဖြိုးရေးမဟာဗျူဟာငါးနှစ်စီမံကိန်း ၂၀၀၅-၂၀၀၉ ပြန်လည်သုံးသပ်ခြင်းနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး မဟာဗျူဟာငါးနှစ်စီမံကိန်း ၂၀၁၀-၂၀၁၄ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထိုင်းထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့်ရှော့ပင်းမော၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

တတိယအကြိမ်မြောက် Made in Thailand Festival ကို အောက်တိုဘာ ၁၃ရက်မှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဂမုန်းပွင့် Shopping Mall၌ ကျင်းပလျက်ရှိရာ ထိုင်းနိုင်ငံမှထုတ်လုပ်သော အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်းများနှင့် စားသောက်ကုန်များကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် Vanson, Oasis, Kiddo, Van Heu Sen, Pierre cardin, Monza, Giffini, GHEQ, Get away, S'Fare, Polo, Daniel Lewis, Jobb, Hazard, Nobody, T.B.Y Jeans, စသည့် Men's wear များ၊ B.S.C (Now How), Camella, Lolane, C'Care, Smooth E, Julep, Mori, Dipso, I-rashi, Dr. Jame စသည့် Cosmetics ပစ္စည်းများ၊ အမျိုးသား အမျိုးသမီးကလေးဝတ် ဖိနပ်အမျိုးမျိုး၊ Child's Wear အတွက် Disney Barbie, Pak Pao, Banna Leaf, Green apple, Ink Kid, C Broad, DIVO, Mall Kids, Coogie Sunmall, Little Baby, Fido Dido ပစ္စည်းများ၊ Ladies Wear အတွက် CC Club, Mark Dimon, Pink, M2e, Sun Shine, K4, Nun Design, BB House, Sky, In Rose, Beryl, Ami Yumi, Toffy Sweet, Amata, Jipata, For You, No Problem, Hot Basic , Zelot, Milly, Wi-Wi, Idia, Oasis, Kiddo, Blue Corner, Clausia Kleid, Nobody, Pena House, T.B.Y, Silky Sje ပိုးထည်များ၊ Wacoal ပစ္စည်းများ၊ Toiletries ပစ္စည်းများ၊ အိမ်သာဆေးရည်၊ ကြမ်းတိုက်ဆေးရည်၊ မှန်ဆေးရည်၊ ပန်းကန်ဆေးရည်များ၊ ရေချိုးဆပ်ပြာ၊ အခြားလူသုံးကုန်ပစ္စည်းများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

အထူးအခွင့်အရေး

တတိယအကြိမ်မြောက် Made in Thailand Festival ကို အောက်တိုဘာ ၂၅ရက်အထိ ကျင်းပမည်ဖြစ်ပြီး **(ဝဲပုံ)** အထက်ပါပစ္စည်းများကို တစ်ရက်အတွင်း ကျပ်နှစ်သောင်းဖိုးအထက် ဝယ်ယူပါက ချက်ချင်းကံစမ်းနိုင်ပြီး တီဗွီ ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများအပါအဝင် ဗလာမပါ ကံစမ်းမဲများကို ချက်ချင်းရရှိနိုင်မည်ဖြစ်သည့်အပြင် အထူးအခွင့်အရေးအနေဖြင့် ကူပွန်တွင် အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များ ပြည့်စုံစွာ ဖြည့်စွက်ပြီး ကံစမ်းမဲပုံးထဲ ထည့်ပေးခဲ့ရုံဖြင့် ရန်ကုန်-ဗန်ကောက်-ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်သုံးစောင်ကို ကံစမ်းရယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာငှားစနစ် ကျင့်သုံးရေး ကျိုက်ထို၌ ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၄

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၇ရက်က ကျောက္ကလပ်ကျေးရွာ၊ သထုံစုကျေးရွာနှင့် ကမ်းနီကျေးရွာ စာကြည့်တိုက်များသို့သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာကြည့်တိုက် ငွေပဒေသာပင်ထားရှိရေး၊ စာအုပ်စာစောင် တိုးပွားရေးအတွက် စာငှားစနစ်ထားရှိရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့လယ်ချောင်း - ကိုင်းယားရှည်လမ်း ဂဝံခင်းခြင်း လုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်ရန် မြန်မာဝူရှူးအဖွဲ့ ရန်ကုန်မှထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၄

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အကြိုပြင်ဆင်မှုအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် မြန်မာဝူရှူးအဖွဲ့သည် အောက်တိုဘာ ၁၅ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**



ပူးတွဲလေ့ကျင့်မည်

မြန်မာဝူရှူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးခွန်ဂျာအောင်၊ အုပ်ချုပ်သူ ဦးထွန်းထွန်းဦး၊ နည်းပြ မစ္စတာချိုးဝေနှင့် မစ္စတာအန်းရွှယ်ထောင်၊ ထောက်လုအားကစားသမားများအဖြစ် အောင်စည်သူ၊ စိုးကျော်၊ စိုးဝင်းသိန်း၊ အိမ့်မီမီ၊ သက်သက်နိုင်၊ စန္ဒီဦး၊ ဆန်းဆိုအားကစားသမားများအဖြစ် တင်လင်းအောင်၊ ကျော်နိုင်ဦး၊ ရာဇာထွန်းနှင့် လှလှဝင်းတို့ ပါဝင်ကြသည်။ မြန်မာဝူရှူးအဖွဲ့သည် အောက်တိုဘာ၁၆ရက်မှ နိုဝင်ဘာ၂၉ရက်အထိ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ချစ်ကံပွင့်စတုတ္ထပတ်မြောက် အောင်ပွဲခံဆဲ သူငယ်ချင်းယောက္ခမ လာမည့်သောကြာရုံတင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် အောက်တိုဘာ ၂၄

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှတင်ဆက်ပြီး ဒါရိုက်တာဒေါန ရိုက်ကူးသည့် ချစ်ကံပွင့်နှင့်မချောလေးဆယ်မှာ စတုတ္ထပတ်မြောက် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။ ချစ်ကံပွင့်မှာ မင်းသားဟိန်းဝေယံ၏ ပထမဆုံးရုပ်ရှင်ဇာတ်ကားကြီးဖြစ်သလို မင်းသမီးသရုပ်ဆောင်အင်အားများစွာ သုံးပြီးရိုက်ကူးထားသော အချစ်ဟာသ ဇာတ်မြူးကားဖြစ်သည်။ ယင်းဇာတ်ကားကို သမ္မတ၊ သွင်နှင့်နဝဒေးရုံများတွင် ကြည့်ရှုနိုင်ကြသည်။

ဒါရိုက်တာကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး ကျော်ရဲအောင်၊ လွင်မိုး၊ စိုးမြတ်သူဇာနှင့် မိုးဟေကိုတို့ ပါဝင်ထားသော သူငယ်ချင်းယောက္ခမဇာတ်ကားမှာ လာမည့် သောကြာအပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားသစ်ရုံဝင်မည်

ဒါရိုက်တာ Rom Howard ရိုက်ကူးပြီး Tom Hanks ပါဝင်ထားသော Angels & Demons ဇာတ်ကားသစ်မှာ နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ ဇာတ်လမ်းမှာ သက်တမ်းနှစ်လေးရာရှိ လျှို့ဝှက်ဘာသာရေးဂိုဏ်းကြီးက ပုပ်ရဟန်းမင်းအဖြစ် လျာထားခံရသော ဂိုဏ်းချုပ်များကို ပြန်ပေးဆွဲပြီး ဗာတီကန်မြို့တော်ကို ဖောက်ခွဲဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်မှုကို သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လိုက်ပုံများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ရှေ့ဆောင်ရုံတွင် အိန္ဒိယ Wanted ဇာတ်ကားပြသနေပြီး မင်္ဂလာရုံတွင် X-Men Origins Wolverine ဇာတ်ကားတစ်ကျော့ပြန် ရုံဝင်လာသည်။

အိန္ဒိယဇာတ်ကား

မြို့မရုံတွင် ငရဲသား အမည်ရ Anniyan စိတ္တဇ လူသတ်သမားအကြောင်း ဇာတ်အိမ်ဆန်းဆန်း စိတ်ကူးကောင်းကောင်းဖြင့် ရိုက်ကူထားသော အကယ်ဒမီလေးဆုရ ဇာတ်ကား ပြသလျက်ရှိသည်။ သရုပ်ဆောင်မင်းသားရော မင်းသမီးပါ မတူသောစရိုက်နှစ်မျိုးဖြင့် သရုပ်ဆောင်ထားပြီး ကကွက်ဆန်းများဖြင့် ပရိသတ်ကိုဖမ်းစားထားသော ဇာတ်ကားဖြစ်သည်။

ဗီးနပ်စ်ရဲ့လပ်ဖ်

ဒါရိုက်တာဝိုင်း ရိုက်ကူးပြီး ဟိန်းဝေယံ၊ သက်မွန်မြင့်၊ ဆန်းထွဋ်နှင့် ပန်းဖြူတို့ ပါဝင်ထားသော **ဗီးနပ်စ်ရဲ့လပ်ဖ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ လာမည့် သောကြာပတ်တွင် နဝဒေး၊ မဟာမြိုင်နှင့် ဝဇီရာ(၂) ရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ ကံဆိုးတယ် ကံကောင်းတယ်ဆိုတာ နေထွက်ချိန်နဲ့ နေဝင်ချိန်လို တစ်လှည့်စီ ဖြစ်နေတာမျိုး ပါဆိုသော ဒဿနကို ဖော်ကျူးထားသော ဒရာမာဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ချစ်ကံပွင့်နှင့် မချောလေးဆယ် ဇာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို၏ ဟာသ။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး

ဓမ္မပဒဇာတ်တော်ဝင် ဥဂ္ဂသေနဇာတ်တော်ကြီးပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ည ၇နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပလျက်ရှိသည့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီးပြိုင်ပွဲ တတိယနေ့တွင် ဓမ္မပဒဇာတ်တော်ဝင် ဥဂ္ဂသေနဇာတ်တော်ကြီးကို ရန်ကုန်တိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့က ယှဉ်ပြိုင်ကပြတင်ဆက်မှုကို လာရောက်ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အား စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Robert Chua Hian Kong သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြည်ပအလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားကျွမ်းကျင်မှု သင်တန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ဇာတ်သဘင်ပညာကို မြတ်နိုးလေးစား တန်ဖိုးထားကြသောပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ကပြယှဉ်ပြိုင်

ရန်ကုန်တိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့တွင် ဇာတ်ညွှန်း ဦးစိန်လှမြိုင်၊ ဒါရိုက်တာ ဦးသန်းစိုး၊ ဥဂ္ဂသေန မင်းသားအဖြစ် ကျော်ဇေယျာအောင်၊ ယုဇနမင်းသမီးအဖြစ် မြင့်မြင့်ကြည်နှင့် ဇာတ်ပို့ ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ထားကြပြီး ဝိုင်းတော်တီး ရန်ကုန်ရှုဝံဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးကာ ဥဂ္ဂသေနဇာတ်တော်ကြီးကို လူ့ဘဝ လူ့လောက၌ ပညာနှင့် ဘာဝနာရှာမှီးကြသော သုတေသီများနှင့် မျက်မှောက်ခေတ် လူငယ် လူရွယ်များ အသိပညာ၊ အလိမ္မာဗဟုသုတ ပွားများစေရန်၊ ပညာမရှိသူ၏ ဝန်ထမ်း ဆိုစကားနှင့် တရားမသိ လူတုံးတိဟု ထုံးပြု ရှေးစကားအတိုင်း ပညာခေတ်တွင် ပညာတတ် လူချွန် လူမွန်လေးများဖြစ်ပြီး တရားအသိနှင့် တရားအရိပ် ဥပဒေကိုလေးစားကာ ကိုယ်ကျင့်တရား ခိုင်ပြီးသားနှင့် နိုင်ငံအကျိုး၊ တိုင်းရင်းသားလူမျိုးအကျိုးကို မှန်ကန်သောလမ်းဖြင့် လျှောက်လှမ်းထမ်းပိုး ရွက်ဆောင်နိုင်သည့် ဇာတိမာန် မျိုးချစ်စိတ်ဓာတ် အပြည့်ရှိသော လူငယ်ပညာတတ်များ ပေါ်ထွန်းလာရေးဟူသော ရည်ရွယ်ချက်ဖြင့် သရုပ်ဖော်ကပြ ယှဉ်ပြိုင်တင်ဆက်သွားသည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် ...
ကဗျာအလို...
အဆို၊ အက၊ အ...

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အ...
စုဝေးခန်းမနှင့် စာသင်ခန်းမ၊ မွေးမြူရေးဆိုင်ရ...
သတ္တမနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက...

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးဦးရန်နိုင်ဦးနှင့်ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကို ချစ်ခင်မြတ်နိုးကြသူ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး မဟာဂီတပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာအဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် ဗဟိုအကဲဖြတ်ပညာရှင်များက ကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

သီဆိုပြိုင်ပွဲဝင်

ပြိုင်ပွဲတွင် **'ကန္တာတောခြေ'** (ယိုးဒယား) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မလမင်းခင်၊ မွန်ပြည်နယ်မှ မကြွေယွန်းမှုံ၊ မန္တလေးတိုင်းမှ မမိုင်းမိုင်းခန့်၊ ပဲခူးတိုင်းမှ မခင်ရတနာစိုး၊ ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံ၊ ဧရာဝတီတိုင်းမှ မနှင်းနန္ဒာကျော်၊ ကချင်

ပြည်နယ်...
မန္တလေး...
ရန်ကုန်တ...
ပြည်နယ်...
စစ်ကိုင်း...
ပြည်နယ်...
သီဆိုပြို...
အစဉ်မျာ...
ထို့...
များကို...
ကျင်းပ...
(အမျိုးသ...
'တောင်...
ရန်ကုန်...
စစ်ကိုင်း...
ရန်ကုန်...
မန္တလေး...
တနင်္သာ...
ကရင်ပြ...
ထွန်း၊ မွ...
မင်း၊ ဧ...
ကျော်မျိုး...
သူစိုး၊ ရ...
ကို၊ ရှမ်...
သန်းနှင့်...
တို့က အ...

ကွက်...
(ပထမတ...
ကွက်စိပ်...
မွေးမြူ...
ဘွဲ့နှင်းသ...
ကွက်စိပ်...
အမျိုးသာ...
တက္ကသိုလ်...
ဦးတင်စိုး...
ဖြစ်ပညာ...
အမှတ်ပေ...
ဦးမင်းသ...
တွဲဖက်၍...

ဆင်ပေါင်ဝဲမြို့နယ်အသင်း စုပေါင်းအလှူ

ရန်ကုန် အောက်တိုဘာ ၂၄

ဆင်ပေါင်ဝဲ မြို့နယ်အသင်း (ရန်ကုန်)၏ (၃၉)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ နေနတ်သားစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် အသက်၈၀နှင့်အထက် အဘိုး အဘွားများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများသည် ဖုန်း-၀၁-၅၃၇၂၅၆၊ ဖုန်း-၀၁-၇၂၇၉၇၀၊ ဖုန်း-၀၁-၅၃၆၃၆၁၊ ဖုန်း-၀၁-၅၆၂၇၄၂ တို့သို့ ကြိုတင်ဆက်သွယ် သတင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အ...

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်
၈	၂၅-၁၀-၂၀၀၉ (တနင်္ဂနွေနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ကာလပေါ် အဆို၊ကာလပေါ်	ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ ဇာတ်သဘင်	ဝါသနာရှင်(ပထမတန်း) (တေမိယဇာတ်) ဥဂ္ဂသေနဇာတ်(စစ်ကိုင်းတိုင်း)
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(တယော) အတီး(တယော)	အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း) (အမျိုးသား)(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း) (အမျိုးသား)(အမျိုးသမီး)
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အဆင့်မြင့်ပညာ (အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)
		စိုက်ပျိုးရေး သုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒုံမင်း) အတီး(ဒုံမင်း) အတီး(ဒုံမင်း)	ဝါသနာရှင်(ပထမတန်း) (အမျိုးသား) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)
		စိုက်ပျိုးရေး သုတေသနဦးစီးဌာန (သင်တန်းခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း)	အခြေခံပညာ အသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) အဆင့်မြင့်ပညာ (အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး)
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး(သီချင်းပြိုင်ပွဲ)	အဆင့်မြင့်ပညာ(အမျိုးသား/အမျိုးသမီး)

မြန်မာ့အလင်း
အင်တာနက်ကျန်းမာရေး

ကင်ဆာတိုက်ဖျက်နိုင်သည့်ဒြပ်ပေါင်းများ ကြက်သွန်နီတွင် ပါဝင်ဟုဆို



ကြက်သွန်နီကို လှီးသည့်အခါတိုင်း မျက်ရည်ထွက်လျှင်၊ မျက်ရည်ကျခြင်းမှာ အလဟဿကျခြင်း မဟုတ်ကြောင်းသိလျှင် ဝမ်းသာရမည်ဖြစ်သည်။ ကြက်သွန်နီကို ထိုသို့ စူးစူးရှရှအနံ့နှင့် အရသာများရှိအောင် ဖန်တီးသည့် ယင်းဒြပ်ပေါင်းများမှာ ကင်ဆာရောဂါတိုက်ဖျက်နိုင်သည့် အရာများပင်ဖြစ်သည်။

ကင်ဆာရောဂါဖြစ်ပွားမှုလျော့နည်း

ကြက်သွန်နီနှင့် ကြက်သွန်ဖြူမိသားစုတွင် ပါဝင်သည့် ဟင်းသီးဟင်းရွက် အမျိုးအပြားကို စားသုံးသူများမှာ မစားသုံးသူများထက် အစာအိမ်ကင်ဆာရောဂါဖြစ်ပွားမှု လျော့နည်းကြောင်း လေ့လာသိရှိရသည်။

ကြက်သွန်နီတွင် အပင်မှထုတ်ယူရရှိသော ဓာတုပစ္စည်း ၁၅၀အထိ ပါဝင်သည်။

ထို့ပြင် ကြက်သွန်နီတွင် ကိုလက်စထရော အဆင့်လျှော့ချမှုတွင် ထိရောက်မှုရှိကြောင်း သိရသည်။ ရင်ကျပ်ပန်းနာရောဂါဖြစ်စေနိုင်သည့် ဇီဝဓာတုအခြင်းအရာများကိုလည်း ကြက်သွန်နီက တားမြစ်ပေးနိုင်ကြောင်း တွေ့ရသည်ဟု ဆို၏။ ။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ကဏ္ဍအလိုက်ပြိုင်ပွဲများ သတ္တမနေ့အဖြစ် ဆက်လက်ကျင်းပ

အဆို၊ အက၊ အရေး၊ အတီးအပါအဝင် ကွက်စိပ်နှင့် ဆိုင်းအဖွဲ့တို့ ခြိမ့်ခြိမ့်သဲယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၄

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကဏ္ဍအလိုက်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောသုတေသန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမတို့၌ သတ္တမနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးဦးရန်နိုင်ဦးနှင့်ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ ဇဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကို ချစ်ခင်မြတ်နိုးကြသူ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး မဟာဂီတပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာအဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် ဇဟိုအကဲဖြတ်ပညာရှင်များက ကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

သီဆိုပြိုင်ပွဲဝင်

ပြိုင်ပွဲတွင် **'ကန္တာတောခြေ'** (ယိုးဒယား) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မလမင်းခင်၊ မွန်ပြည်နယ်မှ မကြွေယွန်းမှုံ၊ မန္တလေးတိုင်းမှ မမိုင်းမိုင်းခန့်၊ ပဲခူးတိုင်းမှ မခင်ရတနာစိုး၊ ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံ၊ ဧရာဝတီတိုင်းမှ မနှင်းနန္ဒာကျော်၊ ကချင်ပြည်နယ်မှ မနန်းသဇင်ထွန်း(ခ) ဘိုမ၊ မန္တလေးတိုင်းမှ မစုမြတ်အောင်၊ ရန်ကုန်တိုင်းမှ မသိမ့်သဉ္ဇာလှိုင်၊ ကရင်ပြည်နယ်မှ မခင်မြတ်မြတ်နွယ်၊ စစ်ကိုင်းတိုင်းမှ မမြသဇင်နှင့် ရှမ်းပြည်နယ်မှ မဖြိုးပြည့်စုံကျော်တို့က သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲ၌ **'တောင်ယံတော'** (မွန်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်သီဟကျော်၊ စစ်ကိုင်းတိုင်းမှ မောင်ဂျော့ဂျေထွန်း၊ ရန်ကုန်တိုင်းမှ မောင်သန်းစိုးလွင်၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းဌေး၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ ကရင်ပြည်နယ်မှ မောင်စိုင်းသိန်းမြင့်ထွန်း၊ မွန်ပြည်နယ်မှ မောင်ဟိန်းကိုကိုမင်း၊ ဧရာဝတီတိုင်းမှ မောင်အောင်ကျော်မျိုး၊မန္တလေးတိုင်းမှမောင်အောင်သူစိုး၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ရှမ်းပြည်နယ်မှ မောင်မင်းမင်းသန်းနှင့် ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းတို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲ၏ဝါသနာရှင်အဆင့် (ပထမတန်း) တေမိယဇာတ်တော်ကြီး ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး မန္တလေးတိုင်းမှ ဦးမင်းသန်းက စိန်ပေတူး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ကရင်ပြည်နယ်မှ ဦးပုလဲစိန်က သထုံ ဒို့စိန် ကုလားဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းမျိုးအောင်က နဝင်းရွှေမင်းဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးနိုးတူးက မြန်မာပြည်သားလေးဖိုးဇော်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ မကွေးတိုင်းမှ ဦးကျော်စိုးက ဗိုလ်စတင်းဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

ဂီတာအတီးပြိုင်ပွဲ

ထို့နောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'ဘုန်းမိုးသွန်းလောင်း'** (သီချင်းခံ) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မရွက်နုခိုင်၊ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်းနှင့် ရန်ကုန်တိုင်းမှ မထက်လေးရွှေဘိုတို့က တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) တေမိယဇာတ်တော်ကြီး ကွက်စိပ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးနိုးတူး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ ဝါသနာရှင် (ပထမတန်း)အဆင့် အမျိုးသား၊ အမျိုးသမီး အရေးသီချင်းပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ အရေးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လတ်နှင့် အကဲဖြတ်ပညာရှင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'တို့နိုင်ငံကို တို့ချစ်သည်'** ခေါင်းစဉ်ဖြင့် မန္တလေးတိုင်းမှ ဦးမျိုးသူ၊ ရန်ကုန်တိုင်းမှ တက္ကသိုလ်ဆန်နီနှင့် ဒေါ်မူမူဆွေ၊ စစ်ကိုင်းတိုင်းမှ ဦးမောင်လင်း၊ မကွေးတိုင်းမှ ဦးမြဦး၊ ကယားပြည်နယ်မှ ဦးသန်းရှိန်၊ ဧရာဝတီတိုင်းမှ ဦးမြအေး၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မန္တလေးတိုင်းမှ ဦးဇော်မိုးကျော်နှင့် မွန်ပြည်နယ်မှ ဦးမင်းအောင်ထူးတို့က ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ဂီတာအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဂီတာဦးဖေဝင်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ဘုန်းမိုးသွန်းလောင်း'** (သီချင်းခံ) သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးကျော်စွာလင်း၊ မကွေးတိုင်းမှ ဦးကျော်မြင့်၊ မန္တလေးတိုင်းမှ ဦးရဲတင့်နှင့် ဦးကျော်မြင့်၊ ဧရာဝတီတိုင်းမှ ဦးသက်စိုးအောင်၊ ရန်ကုန်တိုင်းမှ ဦးစိုးတင့်၊ ဦးအေးသွင်နှင့် ချင်းပြည်နယ်မှ ဦးဗိုလ်ကျော်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ဂီတာအတီးပြိုင်ပွဲတွင် **'စံရာတောင်ကျွန်း'**(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် မောင်ဝိုင်းလမင်းအောင်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

တီးခတ်

ဆက်လက်၍ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ **'နှစ်ကိုယ်သစ္စာ'** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် မခင်မြင့်မြတ်မောင် (ခ) ခင်မြန်မာနှင့် ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် **'မိုင်းရိပ်ကယ်တည့်'** (ကြိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ မန္တလေးတိုင်းမှ မောင်ကျော်မိုးထွေး၊ မန္တလေးတိုင်းမှ မောင်ညဏ်ဝင့်ထက်နှင့် ရန်ကုန်တိုင်းမှ မောင်အောင်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် **'ဆန်းရွှေဦး'** (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဆုလဲ့ရည်အောင်၊ မန္တလေးတိုင်းမှ မလှလှဝင်းနှင့် ရန်ကုန်တိုင်းမှ မနှင်းနန္ဒာအေးဝင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား နဲပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ နဲအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစာဘွေးနှင့် အကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ဝေဘာဂီရိ'** (ကြိုး) သီချင်းဖြင့် မကွေးတိုင်းမှ မောင်ကျော်မင်းထက်၊ ရန်ကုန်တိုင်းမှ မောင်မြတ်ဖုန်းကျော်နှင့် မောင်ထွန်းထက်ပိုင်ဦးနှင့် မန္တလေးတိုင်းမှ မောင်ရာဇာဖြိုးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား နဲပြိုင်ပွဲတွင် **'ဘုံဆောင်မြင့်'**(ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ မန္တလေးတိုင်းမှ မောင်နေဇော်ဦး၊ ရန်ကုန်တိုင်းမှ မောင်ချမ်းလွင်မိုးနှင့် မောင်ငြိမ်းဝင်းမိုးနှင့် မန္တလေးတိုင်းမှ မောင်ရွှေခဲတို့ ပါဝင်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်)အမျိုးသား နဲပြိုင်ပွဲတွင် **'မြိုင်ယံရွှေလျှံ'** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်ဝေနှင့် မောင်မြတ်ကိုကိုလင်း၊ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်း၊ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံနှင့် မန္တလေးတိုင်းမှ မောင်စည်သူဖြိုးတို့ ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်

အတီးပြိုင်ပွဲ၏အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ၂၀နှစ်) အမျိုးသား မယ်ဒလင်ပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ မယ်ဒလင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်ဦးမောင်မှီနှင့်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'အန္တရာယ်ကင်း'** (ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ထိန်လင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်တိုးတိုးနှင့် မောင်ထက်ကိုကိုလင်း၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲတွင် **'အန္တရာယ်ကင်း'**(ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်း၊ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေး၊ ဧရာဝတီတိုင်းမှ မမေမြတ်တင်နှင့် ရန်ကုန်တိုင်းမှ မဆုစန္ဒာလှိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မယ်ဒလင်ပြိုင်ပွဲကို ကျင်းပရာ **'ထောင်ရောင်နေကဿာ'** (သီချင်းခံ)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင်(ခ) ပေါက်ခေါင်း၊ မောင်မောင်လေးနှင့် ဦးထွန်းနိုင်ဦး(ခ) မောင်ဖောင်း၊ မွန်ပြည်နယ်မှ ဦးဆန်းထွေး၊ ပဲခူးတိုင်းမှ ဦးမင်းဇော်၊ ဧရာဝတီတိုင်းမှ ဦးလုံးလေး၊ မန္တလေးတိုင်းမှဦးကျော်မြင့်နှင့် စစ်ကိုင်းတိုင်းမှ ဦးကျော်တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲတွင် **'မန္တလာဘုံ'** (ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆိုင်း(အဖွဲ့လိုက်)

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက်၅နှစ်မှ၁၀နှစ်) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကို နံနက် ၉နာရီခွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဇဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ) စနေမအဖွဲ့၊ မန္တလေးတိုင်းမှ မယွန်းဝတီအောင်ကျော်စိုးအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မမီမီနိုင်စိုး(ခ)ဖွားချစ်အဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြကာ နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်းမှ မောင်စွမ်းထက်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကြိုင်မင်းအဖွဲ့၊ မန္တလေးတိုင်းမှ ဦးဗိုလ်နိုင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထက်ကိုကိုအဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးဟိန်းဇော်အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးတင်ဝင်းအဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ဝဏ္ဏအဖွဲ့၊ ပဲခူးတိုင်းမှ ဦးအောင်စတင်းအဖွဲ့နှင့် ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်အဖွဲ့တို့က တီးခတ်ပြိုင်ပွဲဝင်ကြပြီး သတ္တမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

အောက်တိုဘာ ၂၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Liu Zhijun အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

သံအမတ်ကြီး ဦးဉာဏ်လင်းအား တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးဉာဏ်လင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၂၄

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၅နာရီတွင် နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးရန်နိုင်ဦးက အမှာစကားပြောကြားပြီး ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီက ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များအား တည်းခိုရေး၊ စခန်းဝင်းအတွင်း၌ နေရာလေးခု၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဝင်းအတွင်း၌ နေရာနှစ်ခု စီစဉ်ဖွင့်လှစ်၍ ဧည့်ခံကျွေးမွေးနေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ***(သတင်းစဉ်)***

...ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

...ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

...ဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
...လပေါ် ...လပေါ်	ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသား)	၀၉း၀၀ ၁၃း၀၀
...ပြိုင်ပွဲ ...င်	ဝါသနာရှင်(ပထမတန်း) (တေမိယဇာတ်) ဥဂ္ဂသေနဇာတ်(စစ်ကိုင်းတိုင်း)	၀၉း၀၀ ၁၉း၀၀
...ယော) ...ယော)	အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း) (အမျိုးသား)(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း) (အမျိုးသား)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
...ကုလား) ...ကုလား)	အဆင့်မြင့်ပညာ (အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
...င်း) ...င်း) ...င်း)	ဝါသနာရှင်(ပထမတန်း) (အမျိုးသား) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)(အမျိုးသား)	၀၉း၀၀ ၁၃း၀၀ ၁၃း၀၀
...င်းတစ်ဦးချင်း) ...င်းတစ်ဦးချင်း) ...င်းတစ်ဦးချင်း)	အခြေခံပညာ အသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) (အမျိုးသမီး) အဆင့်မြင့်ပညာ (အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး)	၀၉း၀၀ ၀၉း၀၀ ၁၃း၀၀
...ချင်းပြိုင်ပွဲ)	အဆင့်မြင့်ပညာ(အမျိုးသား/အမျိုးသမီး)	၀၉း၀၀

ပညာလည်းရ ယဉ်ကျေးမှု ဂီတလှပါသည်

တက္ကသိုလ် လှမောင် (ရေတာရှည်)

နိုင်ငံတော်ကဦးစီး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပလျက်ရှိသည်။ အနှစ်သာရရှိသော ဦးတည်ချက်၊ ရည်ရွယ်ချက်များဖြင့် အောင်မြင်စွာ ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၁၇)ကြိမ် ရှိပြီဖြစ်သည်။ အိပ်နေသူကို ပုတ်လှုပ်နှိုးလိုက်သကဲ့သို့ ယဉ်ကျေးမှု မျက်နှာစာတွင် တပ်လှန့် နိုးခဲ့ရသည်။ ပြိုင်ပွဲကြီး၏ အကျိုးကျေးဇူးကား ကြီးမားလှပါဘိ၏။

အနယ်နယ်အရပ်ရပ်မှ ဝါသနာရှင်များ၊ ပညာရှင်များ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ အခြေခံအဆင့်ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နေကြသည်။ ပြိုင်ပွဲကြီးမန္တလေးမှာပင် ပွဲမဝင်ခင်အပြင်က ကျင်းပဆိုသကဲ့သို့ လေ့ကျင့်ခဲ့ကြသည်။ ရန်ကုန်မှ ပညာရှင်များကလည်း အနယ်နယ် အန့်သွားရောက်၍ ပြိုင်ပွဲဝင်မည့်သူများအား လေ့ကျင့်ပေးခဲ့သည်။

အဆို၊ အက၊ အရေး၊ အတီးပညာရပ်သည် သူမတူအောင် ထွန်းလင်းတောက်ပြောင်ခဲ့ပါသည်။ အင်အားစွမ်းပကား အပြည့်ရှိပါသည်။ ပညာလည်းရ ယဉ်ကျေးမှု ဂီတလှပါသည် ဆိုသကဲ့သို့ မြန်မာတို့၏ ဂီတအလှ၊ ဂီတရသတို့

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

သည် တန်ဖိုးကြီးမားလှသည်။ ဂီတသည် ဖျော်ဖြေပေးရုံသက်သက်မဟုတ်ပါ။ ပညာလည်းပေးရမည်။ ယဉ်ကျေးသိမ်မွေ့မှုလည်း ဖြစ်စေရမည်။ သို့မှသာ ဂီတ၏အလှဟု ဆိုနိုင်ပါ၏။ ဆိုရပါ၏။

ဒင်္ဂါးပြားတစ်ခုတွင် ခေါင်းနှင့်ပန်းမျက်နှာနှစ်ဖက်ရှိသကဲ့သို့ မည်သည့်အရာဖြစ်စေ နှစ်ဖက်နှစ်မျက်နှာ ရှိနေတတ်သည်။ ပညာပေးသောအရာများ ရှိသကဲ့သို့ ပညာမရ မလှမပ ဖြစ်ခဲ့ရသည်များလည်းရှိသည်။ ဆရာကြီး ဦးသုခက "ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်" ဆိုသည့်သီချင်းတစ်ပုဒ်ရေးစပ်ခဲ့၏။ ထိုသီချင်းသည် သောက်စားသူတို့၏ ပါးစပ်ဖျားတွင် ရေပန်းစားသွားခဲ့၏။ သင်ခန်းစာပေးချင်၍ ရေးစပ်ခဲ့ရသည့် သီချင်းတစ်ပုဒ်သည် ပေါက်ကွဲရာ၊ အော်ဟစ်ရာ ပေါ့ပေါ့လျှံလျှံ ဖြစ်သွားရသဖြင့် ဝမ်းနည်းမဆုံးဖြစ်ခဲ့ရပါကြောင်း ဆရာကြီးဦးသုခ ကိုယ်တိုင်ဝန်ခံ စိတ်မကောင်းဖြစ်ခဲ့ရသည်။

အကောင်းဘက်၊ မကောင်းဘက်တို့ရှိတတ်သည်ဖြစ်ရာ မကောင်းသည့်ဘက် ရောက်သွားမည်ကို သတိထားရပါသည်။ ဒင်္ဂါးပြားဖြစ်စေ၊ ငွေစက္ကူဖြစ်စေ နှစ်ဖက်နှစ်မျက်နှာရှိရာ ထိုနှစ်ဖက်မျက်နှာကလည်း ကြားမှာစက္ကူသားလေးသာ ခြားထား၍ လွန်စွာမှနီးကပ် နီးစပ်လှသည်၊ မကောင်းသည့်ဘက်သို့ ကူးပြောင်းရောက်ရှိသွားရန်က လွယ်ကူလှသည်။ ယခုလို အိုင်တီခေတ်၊ မီဒီယာခေတ်ကြီးတွင် လမ်းမှားရောက်ဖို့က နီးစပ်လှသည်။ ဘေးပယောဂမှန်သမျှကလည်း တွန်းပို့နေသည်။ မိမိက ဉာဏ်ကျယ်ဉာဏ်ကြီးပါမှ၊ သတိကြီးပါမှ၊ ကျစ်လျစ်ခိုင်မာ မယိမ်းမယိုင်ရှိပါမှ တည်တံ့နိုင်လေသည်။

တိုင်းရင်းသားအသီးသီးတွင် ရိုးရာဂီတအလှများ ရှိနေပါသည်။ အလွန်ချစ်စရာကောင်းသည့် ကျေးလက်သီချင်းလေးများက ကြည်နူးဖွယ်ကောင်းလှသည်။ ကချင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကချင်ရိုးရာ သီချင်းလေးများကို တမက်မောမော လေ့လာကျက်မှတ်ခဲ့ဖူးသည်။ Wun Pawn Makhaung ခေါ်သည့် ပြည်ထောင်စုတေးသံသာလေးတွေ လေ့လာကျက်မှတ်ခဲ့ဖူးပါသည်။ Shap Shap Li Pha Shap လော့်လော့် လေ့ကိုလော့်ဆိုသည့် စည်းလုံးခြင်းအင်အား သီချင်းလေးတွေ၊ လွမ်းမောဖွယ်ရာ၊ ကြည်နူးနှစ်သိမ့်ဖွယ်ရာ၊ သိင်္ဂါရ ရသမြောက်လှတဲ့ အချစ်သီချင်း ငြိမ့်ငြိမ့်လေးတွေကို သီဆိုခံစားမိခဲ့သည်။ Nan Pan Zawn Zawn Tsaw Ra Ai Myit Hte တဲ့၊ ပန်းပွင့်လေးနဲ့တူလိုက်တာ၊ ချစ်စရာကောင်းလိုက်တာ၊ အားလုံးကို လှပတဲ့ပန်းပွင့်လေးတွေ အသွင် မြင်လိုက်တဲ့အခါ ချစ်ခြင်းမေတ္တာတရားတွေ မလွဲမသွေ မွေးဖွားလာရမှာပဲ မဟုတ်လား။ O' Tsaw Ra N' Gya E' Ga Loi Bai Khrum Lu Na, Ga Loi N' Malap Ai Loi Bai Khrum Lu Na တဲ့၊ ဘယ်လိုမှ မမေ့နိုင်တဲ့ ချစ်သူလေးနဲ့ ပြန်ဆုံချင်လိုက်တာ၊ တို့များဘယ်ခါ ပြန်ဆုံကြရမှာလဲ၊ အမျိုးသားစည်းလုံးညီညွတ်ရေးကြီး ပြန်ရချင်တယ်၊ ဟိုတုန်းက ညီနောင်တွေ စည်းစည်းလုံးလုံးနေခဲ့ကြသည် မဟုတ်လား။ ဟုတ်တယ်။ ပြည်တွင်းစစ်ဆိုသည့် အနိဋ္ဌာရုံတွေနှင့်တော့ ပြန်မဆုံချင်တော့ပါ။ ညီညီညွတ်ညွတ်နှင့် နေထိုင်၊ လုပ်ကိုင်တည်ဆောက်ကြတာကိုပဲ မြင်ချင်ပါသည်။ လူတိုင်းလှပခြင်း မြင်ကွင်းတွေကိုသာ မက်မောကြတာ သဘာဝကျလှပါသည်။ သစ္စာဆိုသည့် အမှန်တရားလေးတွေ၏ အရိပ်အောက်မှာပင် နားခိုချင်ပါပြီ။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့လေးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ဂီတအနုပညာရှင်ကြီး ဦးလုံးကို အမှတ်ရမိသည်။ "ရခိုင်ယဉ်ကျေးမှုဆိုတာ အဆို၊ အက၊ အရေး၊ အတီး သုခုမလောက်ပဲ ကိုယ်နှုတ်နှလုံး သုံးပါး၏ ယဉ်ကျေးမှုအစစကို ဆိုလိုတယ်၊ ဂီတဆိုတာ ဖျော်ဖြေရေးသက်သက် မဟုတ်ဘဲ ပြည်သူအများကို ပညာပေးရေးပါပါတယ်" ဟူ၍ ပြောပြဖူးသည်။ အခုဆရာကြီး ကွယ်လွန်သွားရှာပါပြီ၊ ဆရာကြီး ရေးစပ်ဖွဲ့ခဲ့သည့် တေးသီချင်းများ တင်ဆက်ကပြခဲ့သည်။ ယိမ်းအကများ၊ သံစဉ်များ ပြောင်းပြီးရေးဖွဲ့ခဲ့သည့်သီချင်းများ ကျန်ရစ်ခဲ့ပါသည်။ ဆရာကြီး၏ ဇမ်းယိမ်း၊ ကင်းယိမ်း၊ ရခိုင်ကျင်ယိမ်း၊ ဇီရှင်ယိမ်း၊ အခါတော်ယိမ်း၊ ရိုးရာထုံးဖွဲ့ယိမ်း၊ ရခိုင်မြေမှာ ကသကယိမ်း၊ရခိုင်လယ်သမားယိမ်း၊ ရခိုင်တန်ဆောင်ယိမ်း၊ နန်းတွင်းမိညို ယိမ်း စတဲ့ယိမ်းများဖြင့် ပြည်ထောင်စုပွဲများတွင် နှစ်စဉ်တင်ဆက်ခဲ့ပါသည်။

အလားတူပင် တိုင်းရင်းသားများအားလုံးတွင် ချစ်ဖွယ်ရာ ဂီတသံလွင်လေးများ ရှိနေပါသည်။ အလှအပ၊ အားမာန်၊ မေတ္တာဘွဲ့၊ ပုလဲလုံးရွဲလုံးလေးများကဲ့သို့ တွေ့ရပါလိမ့်မည်။ မြန်မာ့ဂီတနယ်ပယ်သည် ကျယ်ဝန်းနက်ရှိုင်းသည်။ အနှစ်သာရများလည်း စုံလင်လှသည်။ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ ဘောလယ်၊ လေးထွေသံကပ်၊ မြင်းခင်း၊ မွန်သီချင်း၊ ဒိန်းသံ၊ ကရင်ဩ၊ တေးထပ် ရှစ်ဆယ်ပေါ် စသည်ဖြင့် စုံလင်လှသည်။ ယဉ်ကျေးမှုတစ်ရပ်သည် မိုးပေါ်က ကျလာသည်မဟုတ်ပါ။ အနုပညာရပ်များကို ခေတ်အဆက်ဆက် သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာကြခြင်းဖြစ်၏။

အနုပညာနှင့်ပတ်သက်၍ ပညာရှိအချို့က အနုပညာ၏တာဝန်သည် ဘဝကိုအလှဆင်ဖို့၊ အနုပညာဆိုသည် ကမ္ဘာကြီးကို ရောင်ပြန်ဟပ်ကြည့်ရသည့် မှန်တစ်ချပ်မဟုတ်၊ ကမ္ဘာကြီးကို ပုံသွန်းလောင်းရခြင်းသာဖြစ်သည်ဟူ၍ ပြောခဲ့ကြသည်။ အနုပညာဆိုသည် ခရီးဆုံးမရှိ၊ လူသားကို ပြုပြင်ပုံဖော်ထုဆစ်သည့် လုပ်ငန်းကို အမြဲလုပ်နေရမည်သာ ဖြစ်သည်။ ကောင်းသည့်ပုံ၊ လှသည့်ပုံ၊ အကျိုးပြုလူသားများ ဖြစ်လာစေရန်ကိုသာ ထုဆစ်ပုံဖော်ကြရမည် ဖြစ်သည်။

မြန်မာ့ဂီတ မြန်မာ့သုခုမတို့သည် အဖိုးမဖြတ်နိုင်သည့် သွန်းလောင်းခဲ့မှုများဖြစ်သည်။ ဂီတဆိုသည် ဖျော်ဖြေမှုသက်သက်မဟုတ်ပါ။ Burst out ဆိုသည့် ခံစားပေါက်ကွဲ အော်ဟစ်နေ၍လည်း လူများအတွက် အကျိုးမရှိပါ၊ အနုပညာဆိုသည် အသည်းထဲစိမ့်ဝင်သွားပြီး အမြဲပင် ပညာရနေသည့်လုပ်ငန်း ဖြစ်ရပေမည်။ ကောင်းမြတ်သည့် ကိုယ်ကျင့် ဓလေ့စရိုက်ကလေးများကို မီးမောင်းထိုးပြရင်း စိတ်ရွှင်လန်းတက်ကြွစေရမည်။ ပညာပေးအကျိုးပြုတေးများ များစွာရှိသည့်အနက် သီချင်းလေးတစ်ပုဒ်ကို ထုတ်ပြလိုပါသည်။

"တိုင်းပြည်ဘောင်၊ သာယာငြိမ်းချမ်းငယ်အေး ပေးအလှူနိမ့်သူမြင့်သူ × မခွဲခြား မကွဲပြား × လက်ဆုံစားမယ် × လာလေအတူသွားမယ် × လှည်းနဲ့တစ်ဖုံ လှေနဲ့တစ်မျိုး × ရပ်ကျိုးရွာကျိုး × သယ်ပိုးလှည့်လည် × အမျှဆိုလျှင် × သာစုခေါ်တဲ့လူမျိုးပင် ×× အသာတကြည် အလှည့်ကျဝယ်၊ ရာသီဆယ့်နှစ်လမယ်× ဖြူစင်သဒ္ဓါပွား×လှူအင်ဒါန×သဒ္ဓါလုံးလွန်ကဲ ရပ်ထဲရွာထဲ × သောသောညံ စံမတူတယ်...."

ယင်းသည် မြန်မာတို့အလှူအတန်းများတွင် မည်သို့မည်ပုံ ပျော်ရွှင်ကြသည်ကို ပုံရိပ်အနေဖြင့် တင်ပြခြင်းဖြစ်ပါသည်။ ဗျောသံစည်သံ အလှူသံတွေ ညံမစဲသည့် နေရာမျိုးတွင် မေတ္တာစေတ်များ လွှမ်းပတ်နေမှုကို ဖော်ညွှန်းနေပါသည်။

ဓမ္မပူဇာတေးများသည်လည်း ကိုယ်ကျင့်တရားများ ကောင်းမွန်လာအောင် ပုံဖော်ခဲ့ကြပါသည်။ ယင်းသို့ပညာပေးမှု၊ ယဉ်ကျေးမှု၊ ဂီတလှပါသည်ဟုဆိုလိုခြင်း ဖြစ်ပါသည်။ **လှပသောဂီတဆိုသည် လူသားများအတွက် ကောင်းကျိုးဖြစ်စေရမည်၊ ယဉ်ကျေးသိမ်မွေ့ ငြိမ့်ညောင်းရမည်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည်၊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်လာစေရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရမည်၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရမည်။**

မြန်မာတို့၏ အနုပညာကို ပုံသွန်းလောင်းခဲ့ကြတဲ့ အနုပညာရှင်ကြီးများလည်း ပေါ်ပေါက်ခဲ့ပါသည်။ အဆိုပညာရှင်ကြီးများ၊ အရေးတေးပြု ပညာရှင်ကြီးများ၊ တူရိယာဂီတမျိုးစုံမှာ ကျွမ်းကျင်ခဲ့သည် အတီးပညာရှင်ကြီးများ၊ အကပညာရှင်ကြီးများ ဂုဏ်ယူဖွယ်ရာ ပေါက်ပေါက်ခဲ့ကြသည်။

ဇာတ်တော်ကြီးများ ခင်းကျင်းပြသရာတွင် အဆို၊ အက၊ အရေး၊ အတီး မငြိုးနိုင်ဘဲ သင်ခန်းစာ၊ အဆုံးအမ၊ သံဝေဂများ ပြည့်လျှံအံ့မခန်း စွမ်းအားကြီးလှပါသည်။ မြန်မာ့ဂီတတို့သည် မြန်မာတို့၏ ဓလေ့စရိုက်ကို ဖော်ညွှန်းပြသ သွန်းလောင်းခဲ့သည့် ပုံရိပ်များဖြစ်ခဲ့ပါ၏။ ကောင်းမြတ်တင့်တယ်သည့် ပုံစံသွန်းလောင်းခြင်းများနှင့်အတူ မြန်မာတို့သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ဂုဏ်ကြွယ်နိုင်ခဲ့ပါသည်။

ကျွန်တော်တို့ သူ့ကျွန်ဘဝကို ခါးသီးစွာ ဖြတ်သန်းခဲ့ဖူးသည်။ ကျွန်ဘဝ ပြန်မရောက်စေရန် ကျွန်ဘဝ၏ ခါးသီးမှုများကို အမြဲမြင်ယောင် သတိထားနေကြရပါမည်။ ကိုယ့်မင်းကိုယ့်ချင်း သခင်ဘဝရောက်ချိန်တွင် သခင်လိုတွေး၊ သခင်စိတ်ဓာတ်မွေး၊ သခင်အဆင့်မျိုးနှင့်နေတတ်မှ ဂုဏ်ရည်တင့်ပါလိမ့်မည်။ အဆိုတော် ကိုမြကြီး၏ "ဂီတဗိမာန်" သီချင်းစာသားလေးများက ထိုးပြနေသည့် လင်းရောင်ခြည်လေးများကို မြင်နေမိပါသည်။

"ရှေးကတေးသံ မင်္ဂလာရှိလို့နေပြန်၊ မြန်မာပြည်မှာ လွတ်လပ်ရေးရပြန် × ဆင်းရဲခြင်းကင်းအောင်လဲဖန်၊ မြူချိုမည်သံ ဗိမာန်ဂီတအသံ"

"ကျွန်လိုခေတ်မှာ အလင်းရောင်ပေးတာ ဒို့အသံ×သခင်လိုခေတ်မှာ အလင်းရောင်ပေးတာ ဒို့အသံ"

"အလှူမဏ္ဍပ်အသံ × ဗျောသံ ဗျောသံ"

ကျွန်ခေတ်တွင် ကျွန်ဘဝမှ ရုန်းထွက်နိုင်ရန် အလင်းရောင်ပေးခဲ့သည်။ သခင်ခေတ်တွင် သခင်လိုဖြစ်စေရန် အလင်းရောင်ပေးခဲ့ပြန်သည်။ မြန်မာ့ဂီတ ပညာရပ်အခန်းကဏ္ဍများ မြင့်သည်ထက် မြင့်တက်စေရန် ဖော်ဆောင်ပေးမည့် ပညာလည်းပေး၊ ယဉ်ကျေးစေသည့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်မိပါတော့သည်။ ။

ပညာလည်းရ ယဉ်ကျေးမှု ဂီတလှပါသည် ဆိုသကဲ့သို့ မြန်မာတို့၏ ဂီတအလှ၊ ဂီတရသတို့သည် တန်ဖိုးကြီးမားလှသည်။ ဂီတသည် ဖျော်ဖြေပေးရုံသက်သက် မဟုတ်ပါ။ ပညာလည်းပေးရမည်။ ယဉ်ကျေးသိမ်မွေ့မှုလည်း ဖြစ်စေရမည်။ သို့မှသာ ဂီတ၏အလှဟု ဆိုနိုင်။

ဆိုကရေးတီး ပြိုင်ပွဲကြီးမှသည်

- ✱ ယဉ်ကျေးမှုနယ်ပယ် သိမ်မွေ့တယ်
  မြန်မာ့ဂီတရယ်။
- ✱ ခေတ်အဆက်ဆက် ဖန်တီးလျက်
  ရသမြောက်ဓာတ်ကွက်။
- ✱ မျက်မှောက်ခေတ်မှာ တီထွင်ကာ
  လက်ဆင့်ကမ်းလျက်ပါ။
- ✱ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြ
  မြန်မာ့သုခုမ။
- ✱ ယခုချိန်ခါ နည်းပညာ
  လွှမ်းမိုးပျံ့နှံ့လာ။
- ✱ စာရိတ္တနှင့် စိတ်ဓာတ်များ
  မပျက်ယွင်းစေသား။
- ✱ အမျိုးသားရေး တာဝန်ပါ
  ထိန်းသိမ်းကြရမှာ။
- ✱ ခိုင်မာထက်သန် ရှင်သန်ရေး
  သိုက်ဝန်းကြိုးစားပေး။
  ဇာတိဂုဏ်မြင့်ရေး။ ။

မေသက်နွယ်ဦး (ဆေးဝါးတက္ကသိုလ်)

ကြယ်လင်းအောင် ထင်တိုင်းမပေါက် တွေ့မရှောင် လုပ်တိုင်းမဖြစ်ဘဲ သရေပွဲများသည့် မြန်မာ-ထိုင်း နိုင်ငံတကာရိုးရာလက်ဝှေ့ ပထမနေ့ပွဲစဉ်များ

စောင်မန်းနှင့်ထန်ဝါလစ်၊ လုံးချောနှင့်လတ်မွန်ခွန်းတို့ ယနေ့ယှဉ်ပြိုင်ကြမည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဇင်လင်းထွန်း(နေပြည်) စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ အဓိကကူညီ ပံ့ပိုးမှုဖြင့် T&T Group မှ ဦးစိုးသန်းဝင်း တာဝန်ယူစီစဉ်သည့် မြန်မာ-ထိုင်း နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (၂)ကို ယနေ့ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ပြည်တွင်းစိန်ခေါ်ပွဲ ခုနစ်ပွဲတွင် တစ်ပွဲသာ အလဲထိုး အဖြေပေါ်ခဲ့ပြီး ကျန်ပွဲများက သရေကျကာ မြန်မာ-ထိုင်းပွဲစဉ်၌လည်း ကြယ်လင်းအောင်နှင့် လာချီလိတ်၊ တွေ့မရှောင်နှင့် ပါဝိတို့ သရေပွဲဖြစ်သွားကြသည်။

ထင်တိုင်းမပေါက်

ကြယ်လင်းအောင်နှင့် လာချီလိတ်တို့ပွဲတွင် ကြယ်လင်းအောင်က တိုက်စစ်ဖွင့်ကာ အပိုင်လုပ်ရန်ကြိုးစားသော်လည်း လာချီလိတ်က ပါးနပ်စွာရှောင်တိမ်းရင်း တန်ပြန်လက်သီးများ ထိုးသည်။ အပူးအချုပ်တွင်လည်း ကြယ်လင်းအောင်၏ အားကိုယူကာ လှည့်ချသည့်အတွက် ခါးချုပ်၍ ကပ်ဖိသတ်ကွက် သုံးမရသည့် ကြယ်လင်းအောင် ထင်တိုင်းမပေါက်ဖြစ်ရသည်။

ကြယ်လင်းအောင် ညာလက်သီး အပိုင်ထိုးတိုင်း လာချီလိတ်က Draggin ဆွဲကာ ဘယ်ထောက် လက်သီးကို မြွေပေါက်သကဲ့သို့ ဆတ်ခနဲထိုးသည်။ အရပ်ပုသော ကြယ်လင်းအောင်ကို လာချီလိတ်က ဘယ်ခြေ အမြင့်ကန်ချက်များ သုံးသော်လည်း အပိုင်ထိခြင်း မရှိပေ။ ကြယ်လင်းအောင်က အချုပ်အပူးတွင် ဒူးတိုက်ရန်ကြိုးစားသည့်အခါ လာချီလိတ်က ပါးနပ်စွာ ဒူးကို ကလန့်ထားပြန်သဖြင့် လုပ်ရကိုင်ရ ခက်နေပြန်သည်။

တွဲလုံး

ကြယ်လင်းအောင် အဝင်တွင် ဘယ်ဒူးကို အရှိုက်ထဲသို့ ဆတ်ခနဲတိုက်ပြီး ညာထောက်ဘယ်ဖြင့် ထိုးဟန်ပြကာ ရတ်တရက် ချုပ်ဒူးတိုက်သည်။ အပိုင်ချုပ်ခြင်းမဟုတ်ဘဲ ဒူးတိုက်ပြီး ပြန်ဆုတ်

စောဖွဲ့လေး(KLN)နှင့် ရန်ဆက်နိုင်(တောင်ကလေး)တို့ ဤသို့ အကြိတ်အနယ် ထိုးသတ်ခဲ့ကြသည်။ (မြန်မာ့အလင်း)

သွားသည့်အတွက် ကြယ်လင်းအောင် တွဲလုံး လိုက်၍မရဘဲ ရှိနေသည်။ လာချီလိတ်က ညာလက်ကိုချ ဘယ်လက်ကို နားရွက်နားတွင် ထောင်ကာ၍ ကြယ်လင်းအောင်၏ အဝင်ကိုစောင့်ပြီးမှ တစ်လုံးချင်း၊ နှစ်လုံးတွဲ ဒူးတိုက်ချက်များဖြင့် စောင့်စားနေသော ကြောင့် သရေပွဲဖြစ်သွားရသည်။ လာချီလိတ်ကို ပရိသတ်များက လက်ခုပ်သံဖြင့် အားပေးကြသည်။

ပွဲသိမ်းလက်သီးများ

တွေ့မရှောင်နှင့် ပါဝိတို့ပွဲတွင် တွေ့မရှောင်က ပွဲစသည်နှင့် နိုင်လိုဇောဖြင့် ပွဲသိမ်းလက်သီးများ ထိုးသည်။ ပါဝိက နောက်လှန်ရှောင်ရင်း ညာခြေအမြင့် ဖြတ်ကန်သည်။ တွေ့မရှောင်၏ ဘယ်ဖြောင့် ညာဖြောင့်များကို ပါဝိက လွတ်ရုံရှောင်ကာ ကြိုးတန်းလှည့်ထွက်သည်။ တွေ့မရှောင် ထင်တိုင်းမဝင်စေရန် ဘယ်ခြေကန်ချက်များဖြင့် ထိန်းထားသည်။ ပထမအချီတွင် တွေ့မရှောင်၏ တိုက်စစ်ကို ပါဝိက လှည့်ပတ်ရှောင်တိမ်းနေသကဲ့သို့ ရှိသဖြင့် ကြိုးဝိုင်းဒိုင်ကပင် ဆိုင်ထိုးရန် ပါဝိကို သတိပေးရသည်။

ဒုတိယအချီ

ဒုတိယအချီတွင် တွေ့မရှောင် ညာလက်သီးကျွံတိုင်း ပါဝိက ဘယ်ဒူးဖြင့် ဆီးဆို့ထားသည်။ ထို့ကြောင့် ပါဝိ၏ ဒူးတစ်ချက်မိကာ တွေ့မရှောင် နောက်သို့ လန်ထွက်သွားသေးသည်။ ထိုဒူးချက် မိပြီးနောက် တွေ့မရှောင် ရတ်တရက် တိုက်စစ် ပြန်မစနိုင်ဘဲ အကဲပြန်စောင့်နေရသည်။ တွေ့မရှောင်က လက်သီးထိုးရန်သာ အာရုံများနေသဖြင့် ပါဝိက ထိုလက်သီးကိုသာ ဂရုပြုရှောင်တိမ်းရင်း တန်ပြန်ကန်ချက်နှင့် ဘယ်ဒူးတိုက်ချက်များ သုံးနိုင်နေသည်။ တွေ့မရှောင်၏ နည်းပြဆရာများက ခြေကန်ကို အာရုံပေးပြီးမှ လက်သီးကို အပိုင်ထိုးရန် ဟစ်အော် ညွှန်ကြားသော်လည်း တွေ့မရှောင်က ကြိုးဝိုင်းထောင့်ပိတ်ကာ အပိုင်ထိုးရန်သာ ကြိုးစားသည်။ ထောင့်ပိတ်မိသောအခါ တွေ့မရှောင်က ပွဲသိမ်းလက်သီးများ အပိုင်ထိုးသည်။ ပါဝိက ခါးလှန်ချည်တစ်ခါ၊ ဘေးတိမ်းချည်တစ်လှည့် ဂက်ပိတ်၍တစ်ဖုံ ရှောင်ရင်း ဘယ်ဒူးတိုက်ကာ လှည့်ထွက်သွားသည်။

တွေ့မရှောင်၏ ညာအပြင်းခတ် အောက်ထောက်ရှင်း ကန်ချက်ကြောင့် ပါဝိ ဘယ်ဒူး ညွတ်ကျသွားသည်။ ထိုနေရာကို အပိုင်ထပ်ကန်ရန် တွေ့မရှောင်က ကြိုးစားသော်လည်း ပါဝိက ပါးနပ်စွာ တားဆီးနိုင်သဖြင့် ထင်တိုင်းမပေါက်ခဲ့ပေ။ တွေ့မရှောင်၏ ရိုးစင်းသော တိုက်စစ်ကို ပါဝိက ပါးပါး နပ်နပ် ထိန်းနိုင်သောကြောင့် သရေပွဲဖြစ်သွားရသည်။

ပြည်တွင်းစိန်ခေါ်ပွဲ

ပြည်တွင်းစိန်ခေါ်ပွဲများတွင်လည်း လက်ရည်ညီသော လက်ဝှေ့သမားချင်း ဆုံတွေ့ပေးထားသဖြင့် သရေပွဲခြောက်ပွဲ ဖြစ်သွားရပြီး ပရိသတ်များ ငြီးငွေ့လောက်သည်အထိ ဖြစ်ရသော်လည်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်းနှင့် သပြေညို (ဘိလပ်မြေစက်ရုံ)တို့ ပွဲက ပရိသတ် လက်ခုပ်သံနှင့်အတူ ဆုတော်ငွေ သဲ့ယူနိုင်ခဲ့သည်။ အရှုံးအနိုင် အဖြေပေါ်သည့် တစ်ပွဲတွင်မူ ပတ္တမြားငမောက် (ရက္ခဗျာလ)က စောအာကာ (KLN)ကို ပထမအချီ ၂မိနစ် ၁၅စက္ကန့်မှုဖြင့် တံတောင်တွဲလုံးရိုက်၍ ပွဲသိမ်း အနိုင်ယူလိုက်သည်။

ရွှေသိန်းအောင် (ဘိလပ်မြေစက်ရုံ) နှင့် နိုင်ထူးလွင် (တောင်ကလေး)တို့ ပွဲစဉ်တွင် လက်ရည်မျှနေသဖြင့် ငါးချီပြည့်သည်အထိ အရှုံးအနိုင် မပေါ်ဘဲ သရေဖြစ်နေခဲ့သည်။ ဒေါ်ဂျစ်(လယ်/ဆည်)နှင့် ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)တို့ ပွဲမှာလည်း အကြိတ်အနယ် ထိုးသတ်ပြီး သရေပွဲဖြစ်သွားခဲ့သည်။ စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့် စိုးလင်းဦး (တောင်ကလေး)တို့ ပွဲမှာလည်း အချီပြည့်သည်အထိ အရှုံးအနိုင် မပေါ်ဘဲ သရေဖြစ်နေခဲ့သည်။ စောဖွဲ့လေး (KLN)နှင့် ရန်ဆက်နိုင် (တောင်ကလေး)တို့ပွဲကလည်း အကြိတ်အနယ် သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြသည်။ ငါးချီပြည့်သည်အထိ အရှုံးအနိုင် မပေါ်ခဲ့သဖြင့် သရေကျသွားခဲ့သည်။

အောက်တိုဘာ ၂၅ရက် **(ယနေ့)** တွင်လည်း ညနေ ၃နာရီမှစ၍ ပြည်တွင်း စိန်ခေါ်ပွဲ ခုနစ်ပွဲနှင့်အတူ စောင်မန်းနှင့် ထန်ဝါလစ်၊ လုံးချောနှင့် လတ်မွန်ခွန်းတို့၏ စိန်ခေါ်ပွဲ နှစ်ပွဲလည်း ယှဉ်ပြိုင် ထိုးသတ်သွားကြမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပါဝိ(ထိုင်း)၏ ဘယ်ခြေကန်ချက်ကို တွေ့မရှောင် (မြန်မာ)က ဤသို့ ကာကွယ်ခဲ့ရာ....။ (မြန်မာ့အလင်း)

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆောက်သမ်းမြန်မာ အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၄

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၁)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဆောက်သမ်းမြန်မာအသင်းက ကမ္ဘောဇ အသင်းကို လေးဂိုး-သုံးဂိုးနှင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ညနေ ၄နာရီ (သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက်နှင့် မကွေးအသင်း။ (မြန်မာ့အလင်း)

ဂလင်းဝီလန်၏ နောက်ကျဂိုးဖြင့် စပါးကွင်းတွင် စတုတ် အနိုင်ရရှိ ချယ်လ်ဆီးတို့အိမ်ကွင်း၌ ဂိုးပြတ်နိုင်ခဲ့

ဖောင်ပိတ်အားကစားသတင်း-မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၁၀) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပါးက အိမ်ကွင်း၌ စတုတ်စီးတီးကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရသည်။

စပါးအသင်းက အိမ်ကွင်းကစားရခြင်းကြောင့် ပွဲအစတွင် စတုတ်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သည်။ လင်နွှန်အပိုင်ကန်သွင်းသော ဘောလုံးကို စတုတ်ဂိုးသမား ဆီမွန်ဆင် အမိအရ ကာကွယ်ပေးနိုင်ခဲ့၍ စပါးတို့ တစ်ဂိုးနစ်နာခဲ့ရသည်။ ထို့နောက် တိုက်စစ်မှူး ခရော့ချ် အပိုင်ခေါင်းတိုက်သွင်းယူလိုက်သော ဘောလုံးကိုလည်း စတုတ်မှ ဂျိမ်းစ်ဘီးတီ ပိတ်ဆို့ဖျက်ထုတ်နိုင်ခဲ့ခြင်းကြောင့်လည်း စပါးတို့ ဒုတိယသွင်းဂိုးနှင့် လွဲချော်ခဲ့ရပြန်သည်။

သို့သော် စတုတ်စီးတီးက ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲပြီးရန် ငါးမိနစ်အလိုတွင် ဂလင်းဝီလန်က ခရမ်ကာ၏ တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့၍ စပါးတို့ ရှုံးပွဲကြုံခဲ့ရသည်။

ဘာမင်ဂမ်နိုင်

ဘာမင်ဂမ်အသင်းက ဆန်းဒါးလန်းအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစလျှင်စချင်း ဘာမင်ဂမ်တို့ တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၃၆မိနစ်တွင် ရစ်ဂျီးဝဲလ်က ဘာမင်ဂမ်အသင်းအတွက် ခြောက်ကိုက်အကွာမှ အဖွင့်ဂိုး သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဘာမင်ဂမ်က တိုက်စစ်ဖြင့် ဦးဆောင်ကစားခဲ့ရာ ပွဲချိန် ၄၈ မိနစ်တွင် မက်ဖက်ဒန်က ဘာမင်ဂမ်အသင်းအတွက် ပယ်နယ်တီဧရိယာအတွင်းမှ သွင်းယူခဲ့ပြန်သည်။ သို့သော် ပွဲပြီးရန် ၁၀မိနစ်အလိုတွင် ဆန်းဒါးလန်းတို့ တည်ကန်ဘောရရှိခဲ့သည်။ ယင်းတည်ကန်ဘောကို အန်ဒီရိဒ်ကန်သွင်းရာ ဘာမင်ဂမ် နောက်တန်းလူ စကော့ဒန်းနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် ဆန်းဒါးလန်းတို့ လက်ဆောင်ဂိုး ရလိုက်သည်။

ဆန်းဒါးလန်းဂိုးထဲသို့ ဘာမင်ဂမ်အသင်းမှ ရစ်ဂျီးဝဲလ်က ဤသို့ ဂိုးသွင်းယူခဲ့သည်။

ဝီဂန်က ဘန်လေ၏အိမ်ကွင်း၌ ခြေစွမ်းပြပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သို့သော် ပွဲစပြီးမကြာမီ ဘန်လေ ဂိုးစသွင်းယူသည်။ ပွဲချိန် ၁၁မိနစ်တွင် ဟူဂိုရိုဒယ်လက်ဂါက ဝီဂန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၁မိနစ်တွင် ဟူဂိုရိုဒယ်လက်ဂါကပင် ဝီဂန်အတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၆မိနစ်တွင် အီမာဘိုင်ဆေးက တတိယအနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

အခြားပွဲစဉ်များ

အခြားပွဲများအဖြစ် ဂူလ်ဗာဟမ်တန်က အိမ်ကွင်း၌ အက်စ်တွန်ဗီလာကို တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့သည်။ ဟူးလ်စီးတီးနှင့် ပို့စ်မောက်တို့ပွဲမှာလည်း ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ချယ်လ်ဆီးက အိမ်ကွင်း၌ ဘလက်ဘန်း အသင်းကို လက်ခံကစားခဲ့ရာတွင် ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းပြီး အောင်ပွဲခံခဲ့သည်။

(အင်တာနက်)

ကျွန်းစိုက်ခင်းလုပ်ငန်း ကြံခင်း၌ အလုပ်ရုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၄

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအနီးရှိ ဖြိုးစည်သူ ထရေးဒင်းကုမ္ပဏီလီမိတက်က ကြီးမှူး၍ ကြံခင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့မှ ပုဂ္ဂလိကကျွန်းစိုက်ခင်း မန်နေဂျာများ၊ စိုက်ခင်းတာဝန်ခံများ၊ ဒေသခံကျေးရွာများ စုစုပေါင်း ၅၀တို့အား ပုဂ္ဂလိကကျွန်းစိုက်ခင်းလုပ်ငန်းအကြောင်း သိကောင်းစရာများနှင့် စိုက်ခင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ရက်မှ ၂၅ရက်အထိ ကျင်းပလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲကို ကြံခင်းမြို့နယ် သစ်တောဝန်ထမ်းများ၏ အကူအညီဖြင့် ကျင်းပ၍ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်သည် ကျွန်းအထူးစိုက်ခင်းများကို ကြံခင်းမြို့နယ်၌ ဧက ၅၀၀၀၊ ပဲခူးတိုင်း(အနောက်) ပေါက်ခေါင်း၌ ဧက ၁၇၀၀နှင့် ပဲခူးတိုင်း(အရှေ့) ကျောက်တံခါး၌ ဧက ၃၀၀၀ စုစုပေါင်း ဧက ၉၇၀၀ စိုက်ပျိုးရန် ရည်ရွယ်ထားခဲ့ရာ ယခုအခါ ကြံခင်းမြို့နယ်၌ ဧက ၃၀၀၀၊ ပဲခူးတိုင်း (အနောက်) ပေါက်ခေါင်း၌ ဧက ၆၀၀နှင့် ပဲခူးတိုင်း(အရှေ့) ကျောက်တံခါး၌ ဧက ၅၀၀ စုစုပေါင်း ဧက ၄၁၀၀တို့ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Liu Zhijun အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Liu Zhijun နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**